မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

**အမှတ် ၆ ]** ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက် ( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက် ) } **သောကြာနေ့ [ အတွဲ ၇၀**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၇**

၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အစမ်းခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် အမျိုးသားလွှတ်တော်ရုံး၊ ဥပဒေပြုဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလွင်ဦးအား အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၇**

၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက် )

**တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီအဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မေလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော **"တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ"** တွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ကို အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၇**

၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက် )

**ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ)အရ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုနည်းပညာမြင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>အဆောက်အဦဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အတွင်းရေးမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဍ) | အတွင်းရေးမှူး<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဎ) | အတွင်းရေးမှူး<br>မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဏ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆေးကောင်စီ | အဖွဲ့ဝင် |
| (တ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ | အဖွဲ့ဝင် |
| (ထ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ | အဖွဲ့ဝင် |
| (ဒ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အတွင်းရေးမှူး |
| (န) | ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး)<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၀၇ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၇

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်

( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက် )

## ၂၀၁၇ ခုနှစ်၊ လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုလွှတ်တော်သည် ၂၀၁၇ ခုနှစ်အတွင်း ကျင်းပပြုလုပ်မည့် လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာ ဆက်လက်ကျင်းပနိုင်ရေးအတွက် **"၂၀၁၇ ခုနှစ်၊ လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | နာယက<br>ပြည်ထောင်စုလွှတ်တော် | နာယက |
| (ခ) | ဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော် | ဥက္ကဋ္ဌ |
| (ဂ) | ဒုတိယနာယက<br>ပြည်ထောင်စုလွှတ်တော် | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ဒုတိယဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော် | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဎ) ဥက္ကဋ္ဌ အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(ဏ) အတွင်းရေးမှူး အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(ပ) ဗိုလ်မှူးချုပ်မောင်မောင် အဖွဲ့ဝင်
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(ဖ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ပြည်ထောင်စုလွှတ်တော်ရုံး

(တ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး (၁)
ပြည်သူ့လွှတ်တော်ရုံး

(ထ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး (၂)
အမျိုးသားလွှတ်တော်ရုံး

၂။ ဗဟိုကော်မတီသည် လိုအပ်သည့် လုပ်ငန်းဆိုင်ရာကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ရန် ဖြစ်ပါသည်။

၃။ ဗဟိုကော်မတီသည် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အတွင်း ကျင်းပသော လွှတ်တော် အစည်းအဝေးများအားလုံးပြီးစီး၍ ဗဟိုကော်မတီအသစ် ထပ်မံဖွဲ့စည်းပြီးသည့်အချိန်အထိ အကျုံးဝင်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက် )

အမှတ် ၃။ ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ အဖွဲ့ဝင် ဒေါ်ခင်ဌေးကြွယ်က ယင်း၏ ကိုယ်ရေးအရာရှိအဖြစ် ခန့်ထားရန် အဆိုပြုပေးပို့လာသည့် ဒေါ်သူသူဌေး [၅/ယမပ(နိုင်)၀၅၆၁၂၀] အား ကိုယ်ရေးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူး၌ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၇၀,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

မျိုးညွန့်
ဥက္ကဋ္ဌ
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁/၂၀၁၇)

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်

( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက် )

### ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခွင့်နှင့် ရပ်နားထားရမည့် နေ့ရက်နှင့်အချိန် အသိပေးချက်ထုတ်ပြန်ခြင်း

၁။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့၌ ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ကြားဖြတ်ရွေးကောက်ပွဲ တည်ငြိမ်အေးချမ်းပြီး အောင်မြင်စေရေးအတွက် မဲဆွယ်စည်းရုံးမှုများပြုလုပ်ရာတွင် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် (Code of for Conduct political parties and candidates) ကို လေးစားလိုက်နာ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် ပြုလုပ်သည့် ညှိနှိုင်းအစည်းအဝေးပွဲတွင် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများက သဘောတူဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ **(၃၀. ၁. ၂၀၁၇ ရက်နေ့ နံနက် ၀၆:၀၀ နာရီမှ ၃၀. ၃. ၂၀၁၇ ရက်နေ့ ည ၁၂:၀၀ နာရီအထိ)** ခွင့်ပြုပါသည်။ **၃၀. ၃. ၂၀၁၇ ရက်နေ့ ည ၁၂:၀၀ နာရီအချိန်မှ ၁. ၄. ၂၀၁၇ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲကျင်းပပြီးသည်အထိ** ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရပ်နားရမည်ဖြစ်ပါသည်။

၃။ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ/ပိုစတာများကို မဲဆွယ်စည်းရုံးခွင့်ပြုထားသည့် နောက်ဆုံးရက် ၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ ည ၁၂:၀၀ အချိန် နောက်ဆုံးထား၍ ဖြုတ်သိမ်းပေးရမည် ဖြစ်ပါသည်။ သတ်မှတ် ချိန်အထိ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ/ပိုစတာများ ဖြုတ်သိမ်းထားခြင်းမရှိပါက မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီများနှင့် ညှိနှိုင်း၍ ကြော်ငြာ/ပိုစတာ များအား ဖြုတ်သိမ်းသွားစေမည်ဖြစ်ပြီး ကုန်ကျစရိတ်ကျသင့်ငွေအား သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းမှ ပြန်လည်ပေးချေရန် တာဝန်ရှိမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၁၉၂၅/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်

( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၄ ရက် )

ပညာရေးဝန်ကြီးဌာန (ယခင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)၊ ဒြပ်ပစ္စည်းသိပ္ပံနှင့် ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာနက ဆက်လက်အသုံးပြုရန်မရှိသဖြင့် ၂၀၁၅ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင်

ပြန်လည်အပ်နှံလာသည့် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်၊ အောင်သာကျေးရွာ အုပ်စု၊ ကွင်းအမှတ်/အမည်-၁၄၉၈/ပိုးမဲဇာကန်၊ ဦးပိုင်အမှတ် (-)၊ **မြေဧရိယာ (၅၃. ၄၇) ဧက** ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်စွဲပါစာအမှတ်၊ ၁၃၃/၁-ကော်မတီ/မစခ (ဗဟို)/ ၂၀၁၅ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြု ခဲ့ပါသည်။

ပညာရေးဝန်ကြီးဌာန (ယခင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန) မှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ (၅၃. ၄၇) ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၂၃ (က)/၂၀၁၆

၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက် )

နိုင်ငံတော်သမ္မတရုံးမှ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုထားသည့် အောက်ဖော်ပြပါ အရာထမ်းများ အား နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဖွဲ့စည်းပုံအရ လစ်လပ်လျက်ရှိသော လစာနှုန်းတူ ရာထူးနေရာများ တွင် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည် -

| စဉ် | အမည် | ရာထူး | လစာနှုန်း |
|---|---|---|---|
| (၁) | ဒေါ်နှင်းခက်စိမ်း | လက်ထောက်ညွှန်ကြားရေးမှူး | ၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀ |
| (၂) | ဒေါ်မိမိအေး | ဦးစီးအရာရှိ | ၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀ |
| (၃) | ဦးဝင်းဇော် | ဦးစီးအရာရှိ | ၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀ |

ကျော်တင့်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်**
**စီမံကိန်းများအကောင်အထည်ဖော်ရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက် )

၁။ အမျိုးသားပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းများ အကောင်အထည်ဖော်ရေးကော်မတီ၏ လုပ်ငန်းတာဝန်တွင်ပါဝင်သည့် ပို့ဆောင်ရေးစကြန်များ ဦးစားပေးသတ်မှတ်ချက်အလိုက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ်ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းစီမံကိန်းများအား ဦးစားပေးအလိုက် အကောင်အထည်ဖော်နိုင်ရန် ဘဏ္ဍာငွေရရှိရေးအတွက် နိုင်ငံတော်ဘတ်ဂျက်တွင် နှစ်စဉ်ထည့်သွင်း ပြဋ္ဌာန်းခြင်း၊ ပြည်ပမှချေးငွေအကူအညီများရယူခြင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရာတွင် အထောက်အကူပြုရန် "ဒေသန္တရလမ်းတံတားဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (Cental Committee for the Developerment of Regional Roads and Bridges)" နှင့် "ဒေသန္တရလမ်းတံတား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ (Working Group Committee for the Development of Regional Roads & Bridges)" တို့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) **ဒေသန္တရလမ်းတံတားဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ပူးတွဲဥက္ကဋ္ဌ |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ပူးတွဲဥက္ကဋ္ဌ |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၅) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

**( ခ ) ဒေသန္တရလမ်းတံတားဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏လုပ်ငန်းတာဝန်များ**

(၁) ဒေသန္တရလမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဗဟိုကော်မတီသည် နိုင်ငံတော် အစိုးရ၏ ချမှတ်ထားသည့် တည်ဆဲဥပဒေများနှင့်အညီဖြစ်စေရေးအတွက် သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်။

(၂) ခရိုင်အချင်းချင်းဆက်သွယ်သည့်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာအုပ်စု အချင်းချင်းဆက်သွယ်သောလမ်းများ၊ ကျေးရွာများမှမြို့သို့ဆက်သွယ်သည့်လမ်းများ၊ ကျေးရွာများမှ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းသို့ ဆက်သွယ်သည့်လမ်းများ၊ ဦးစားပေး အဆင့်အလိုက် ရွေးချယ်၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်း/ ပြည်ပ အစိုးရဌာန အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးရန်။

(၃) ဒေသန္တရလမ်း၊ တံတားများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်စပ်စီမံကိန်းလုပ်ငန်းများ လျင်မြန်ချောမွေ့စွာ ပြီးမြောက်နိုင်ရေးအတွက် လိုအပ်သည့် အကူအညီများနှင့် အကြံဉာဏ်များ ပေးခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်များနှင့် ဆက်စပ်ပေးရန်။

(၄) ဒေသဆိုင်ရာနှင့်ဝန်ကြီးဌာနဆိုင်ရာလမ်း၊ တံတားများ၏ စံအဆင့်အတန်း (Standard) အသေးစိတ်သတ်မှတ်၍ (Specification) များကို ခွဲခြားသတ်မှတ်ပေးရန်။

(၅) ကျေးလက်လမ်း၊ တံတားများ ရေရှည်တည်တံ့စေရန်နှင့် သဘာဝဘေးဒဏ်ခံနိုင်သော လမ်း၊ တံတားများဖြစ်စေရန် လုပ်ငန်းကော်မတီမှ တင်ပြလာသော ကျေးလက်လမ်းများ၏ လမ်းအဆင့်အတန်း၊ လမ်းနယ်၊ လမ်းအမျိုးအစား၊ စံချိန်စံညွှန်းနှင့် လမ်း၊ တံတားဒီဇိုင်းများ အား အတည်ပြုပေးရန်။

(၆) ဒေသန္တရလမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အခါအားလျော်စွာ ခေါ်ယူကျင်းပရန်။

(၇) ကျေးလက်လမ်း၊ တံတား (Master Plan) ရေးဆွဲခြင်း ဦးစားပေးအဆင့်အတန်း သတ်မှတ်ရေးအတွက် မူဝါဒချမှတ်ပေးရန်၊ ကျေးလက်လမ်း၊ တံတားနှစ်တို၊ နှစ်ရှည်စီမံကိန်း (Master Plan) လိုအပ်ချက်အရ နိုင်ငံတော်ရန်ပုံငွေ တင်ပြရန်နှင့် နိုင်ငံတကာ ရန်ပုံငွေ ရရှိရေး မူဝါဒချမှတ်ပေးရန်၊ ပေါင်းစပ်ညှိနှိုင်းပေးရန်။

(၈) မူဝါဒနှင့်အညီ တိုင်းဒေသကြီး/ပြည်နယ်များမှ ဦးစားပေးရွေးချယ်တင်ပြလာသော ပထမ (၅) နှစ်စီမံကိန်း အကောင်အထည်ဖော်နိုင်ရေး Guide Line ချမှတ်ပေးရန်။

(၉) ကျေးလက်လမ်း၊ တံတားပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မူဝါဒ ချမှတ်ပေးရန်။

**( ဂ ) ဒေသန္တရလမ်းတံတားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>တံတားဦးစီးဌာန | အဖွဲ့ဝင် |

(၅) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၆) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(၇) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ဃ) **ဒေသန္တရလမ်းတံတားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏လုပ်ငန်းတာဝန်များ**

(၁) ကျေးလက်လမ်း၊ တံတားများ အဆင့်မြှင့်တင်ခြင်း၊ အသစ်ဖောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်း ဆောင်ရွက်မည့်အစီအမံ (နှစ်တို၊ နှစ်ရှည်စီမံကိန်း) များအား ဗဟိုကော်မတီသို့ တင်ပြရန်။

(၂) မူဝါဒနှင့်အညီ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများမှ ဦးစားပေးရွေးချယ်ထားသော အစီအစဉ်နှင့် ကုန်ကျငွေများအား စိစစ်၍ ဗဟိုကော်မတီသို့တင်ပြရန်။

(၃) သတ်မှတ်အတည်ပြုပြီးဖြစ်သော လမ်း၊ တံတားဒီဇိုင်းများအတိုင်း စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ရေး ကြီးကြပ်ရန်အတွက် လိုအပ်သည့် လမ်းညွှန်ချက်များ ပြုစုရေးဆွဲရန်၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ကွပ်ကဲရန်။

(၄) လမ်းများဖောက်လုပ်မည့် ဧရိယာအတွင်းပါဝင်သည့် ကျေးရွာများပြောင်းရွှေ့ရေးနှင့် နစ်နာကြေးများရရှိရေးကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ညှိနှိုင်းပေါင်းစပ်ပေးရန်။

(၅) ဒေသန္တရလမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဗဟိုကော်မတီက ချမှတ်ပေးသည့် လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(၆) ဒေသန္တရလမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဗဟိုကော်မတီထံ အကောင်အထည် ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေများကို အစီရင်ခံ တင်ပြရန်။

(၇) လမ်း၊ တံတားလုပ်ငန်း ဆောင်ရွက်မှုများအား Quality Control Mechanism ထားရှိ ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ အနီးကပ်ကြီးကြပ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီအား နည်းပညာပိုင်းဆိုင်ရာလမ်းညွှန်ချက် (Technical Guide Line) ပေးရန်။

(၈) ဒေသတွင်း ဦးစားပေးအလိုက် စီမခံချက်ချမှတ်လျာထားသောလမ်းများ ဆောင်ရွက်မည့် နှစ်တို၊ နှစ်ရှည်စီမံကိန်းရေးဆွဲရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ အနီးကပ်ကြီးကြပ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအား ကူညီရန်၊ ပံ့ပိုး ဆောင်ရွက်ရန်၊ ကြီးကြပ်ဆောင်ရွက်စေရန်။

သန့်စင်မောင်
ဥက္ကဋ္ဌ
အမျိုးသားပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်
စီမံကိန်းများအကောင်အထည်ဖော်ရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၄၂/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်

( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ ဗိသုကာကောင်စီနှင့် ညှိနှိုင်းပြီး မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေ ပုဒ်မ ၅၂၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **မြန်မာနိုင်ငံဗိသုကာကောင်စီနည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေကို ဆိုသည်။

(ခ) **ဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါလုပ်ငန်းများကို ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သော တာဝန်ခံဝန်ကြီးဌာနဖြစ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ကျင့်ဝတ်သိက္ခာ** ဆိုသည်မှာ ဗိသုကာဆိုင်ရာ ကျင့်ဝတ်သိက္ခာကို ဆိုလိုသည်။

(ဃ) **ဗိသုကာဆိုင်ရာ ကျင့်ဝတ်သိက္ခာ** ဆိုသည်မှာ ဗိသုကာများ၏ ခံယူချက်များ၊ ဗိသုကာများ၏ ကတိဝန်ခံချက်များနှင့် ဗိသုကာများ၏ အတတ်ပညာဆိုင်ရာတာဝန်နှင့် ဝတ္တရားများကို ဆိုသည်။

(င) **ပညာရှင်အသိအမှတ်ပြုလွှာ** ဆိုသည်မှာ နိုင်ငံခြားသား ဗိသုကာမှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် အလို့ငှာ နိုင်ငံခြားသား ဗိသုကာပညာရှင်ရရှိထားသော ပညာရှင်လိုင်စင်ကို အသိအမှတ်ပြုကြောင်း အကြောင်းကြားစာကို ဆိုသည်။

(စ) **ဗိသုကာဆိုင်ရာ အတိုင်ပင်ခံလုပ်ငန်း** ဆိုသည်မှာ ဗိသုကာပညာရပ်ဆိုင်ရာ စီမံချက်၊ အရည်အသွေးနှင့် စံချိန်စံညွှန်း သတ်မှတ်ချက်၊ ဗိသုကာပုံစံများ၊ လုပ်ငန်းဆိုင်ရာ အထောက်အထား စာရွက်စာတမ်းနှင့် မှတ်တမ်းများပြုစု ဆောင်ရွက်ခြင်းနှင့် တည်ဆောက်မှုအပိုင်းတွင် ကြီးကြပ်ကွပ်ကဲ စီမံခန့်ခွဲခြင်းကို ဗိသုကာအနေဖြင့်သော်လည်းကောင်း၊ ဗိသုကာပညာပိုင်းဆိုင်ရာ အတိုင်ပင်ခံအနေဖြင့်သော်လည်းကောင်း လုပ်ကိုင်ခြင်းကို ဆိုသည်။

**အခန်း (၂)**

**မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဖွဲ့စည်းခြင်း**

**ဗိသုကာကောင်စီ ဖွဲ့စည်းခြင်း**

၃။ ကောင်စီသည် ကောင်စီဥက္ကဋ္ဌကို အောက်ပါအတိုင်း ရွေးကောက်တင်မြှောက်ရမည် -

(က) ကောင်စီဝင်များသည် မိမိအပါအဝင် နှစ်သက်ရာ ကောင်စီဝင်တစ်ဦးဦးကို ဥက္ကဋ္ဌလောင်းအဖြစ် ကောင်စီသို့ အမည်စာရင်း တင်သွင်းနိုင်သည်။

(ခ) ကောင်စီသည် အမည်စာရင်းတင်သွင်းလွှာများကို စိစစ်ပြီး ဥက္ကဋ္ဌလောင်းများ အမည်စာရင်းကို ထုတ်ပြန်ကြေညာရမည်။

(ဂ) ကောင်စီဝင်များသည် ဥက္ကဋ္ဌလောင်းများ အမည်စာရင်းထဲမှ မိမိနှစ်သက်သူကို လျှို့ဝှက်စနစ်ဖြင့် ဆန္ဒမဲပေး ရွေးချယ်ရမည်။

(ဃ) ကောင်စီသည် မဲများကို ကောင်စီဝင်များရှေ့မှောက်တွင် ရေတွက်ပြီး ဆန္ဒမဲအများဆုံးရသော ဥက္ကဋ္ဌလောင်းကို ကောင်စီဥက္ကဋ္ဌအဖြစ် ကြေညာရမည်။ အကယ်၍ ဥက္ကဋ္ဌလောင်းတစ်ဦးထက် ပိုပြီး တူညီသော မဲအရေအတွက်ရလျှင် အဆိုပါမဲအရေအတွက် တူညီသော ဥက္ကဋ္ဌလောင်းများကို နောက်တစ်ကြိမ် လျှို့ဝှက်မဲစနစ်ဖြင့် ပြန်လည်ရွေးကောက်တင်မြှောက်ရမည်။

၄။ ကောင်စီသည် ကောင်စီဒုတိယဥက္ကဋ္ဌနှစ်ဦးကို အောက်ပါအတိုင်း ရွေးကောက်တင်မြှောက်ရမည် -

(က) ကောင်စီဝင်များသည် မိမိအပါအဝင် နှစ်သက်ရာ ကောင်စီဝင်တစ်ဦးဦးကို ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် ကောင်စီသို့ အမည်စာရင်း တင်သွင်းနိုင်သည်။

(ခ) ကောင်စီသည် အမည်စာရင်းတင်သွင်းလွှာများကို စိစစ်ပြီး ဒုတိယဥက္ကဋ္ဌလောင်းများ အမည်စာရင်းကို ထုတ်ပြန်ကြေညာရမည်။

(ဂ) ကောင်စီဝင်များသည် ဒုတိယဥက္ကဋ္ဌလောင်းများ အမည်စာရင်းထဲမှ မိမိနှစ်သက်သူနှစ်ဦးကို လျှို့ဝှက်စနစ်ဖြင့် ဆန္ဒမဲပေး ရွေးချယ်ရမည်။

(ဃ) ကောင်စီသည် မဲများကို ကောင်စီဝင်များရှေ့မှောက်တွင် ရေတွက်ပြီး ဆန္ဒမဲအများဆုံးရသော ဒုတိယဥက္ကဋ္ဌလောင်းနှစ်ဦးကို ဒုတိယဥက္ကဋ္ဌများအဖြစ် ကြေညာရမည်။ အကယ်၍ ဒုတိယဥက္ကဋ္ဌလောင်းနှစ်ဦးထက်ပို၍ တူညီသော မဲအရေအတွက်ရလျှင် အဆိုပါမဲအရေအတွက် တူညီသော ဒုတိယဥက္ကဋ္ဌလောင်းများကို နောက်တစ်ကြိမ် လျှို့ဝှက်မဲစနစ်ဖြင့် ပြန်လည်ရွေးကောက် တင်မြှောက်ရမည်။

၅။ ကောင်စီသည် ကောင်စီအတွင်းရေးမှူးတစ်ဦးနှင့် ဘဏ္ဍာရေးမှူးတစ်ဦး ရွေးကောက်တင်မြှောက်ခြင်းကို နည်းဥပဒေ ၃ အတိုင်း ဆောင်ရွက်ရမည်။

၆။ ကောင်စီသည် ကောင်စီတွဲဖက်အတွင်းရေးမှူးနှစ်ဦး ရွေးကောက်တင်မြှောက်ခြင်းကို နည်းဥပဒေ ၄ အတိုင်း ဆောင်ရွက်ရမည်။

၇။ ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့ဝင် ရှစ်ဦး ရွေးကောက်တင်မြှောက်ခြင်းကို နည်းဥပဒေ ၃ အတိုင်း ဆောင်ရွက်ရမည်။ အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် အမည်စာရင်း တင်သွင်းသူသည် ရွေးကောက်တင်မြှောက်ပွဲ ကျင်းပသည့်အချိန်တွင် ပျက်ကွက်ခြင်းမရှိစေရ။

၈။ ကောင်စီဝင်များသည် ရွေးကောက်တင်မြှောက်ပွဲတွင် သိက္ခာမဲ့စွာ မဲဆွယ်စည်းရုံးမှုပြုလုပ်ခြင်းများမှ ရှောင်ကြဉ်ရမည်။

၉။ ကောင်စီဝင်တစ်ဦးဦးသည် ရွေးကောက်တင်မြှောက်ခြင်းနှင့်စပ်လျဉ်း၍ ကောင်စီ၏ ဆောင်ရွက်ချက်သည် တရားသဖြင့် ဆောင်ရွက်ခြင်း မဟုတ်ဟုယူဆလျှင် ရွေးကောက်ပွဲ ကျင်းပပြီးနောက် (၁၅) ရက်အတွင်း ဝန်ကြီးဌာနသို့ စာဖြင့် ရေးသားတိုင်ကြားနိုင်သည်။

၁၀။ ဝန်ကြီးဌာနသည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ တိုင်ကြားစာအချက်အလက်များကို စုံစမ်းစစ်ဆေးပြီး ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ ကောင်စီသည် ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်နှင့် အတည်ဖြစ်သည်။

၁၁။ ကောင်စီဝင်များသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး တစ်ဦးဦး၏ ရှေ့မှောက်တွင် အောက်ပါအတိုင်း ကတိသစ္စာပြုရမည်-

(က) မြန်မာနိုင်ငံဗိသုကာကောင်စီတွင် ကောင်စီဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသော ကျွန်တော်၊ ကျွန်မတို့သည် မြန်မာနိုင်ငံ ဗိသုကာကောင်စီဥပဒေအရ အပ်နှင်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျေပွန်စွာထမ်းဆောင်ပါမည်ဟု ကတိသစ္စာပြုပါသည်။

(ခ) ကျွန်တော်၊ ကျွန်မတို့သည် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သဘောရိုးဖြင့် ကြိုးပမ်းဆောင်ရွက်ရန် ကတိသစ္စာပြုပါသည်။

(ဂ) ကျွန်တော်၊ ကျွန်မတို့သည် ကောင်စီဝင်အဖြစ် မိမိ၏ကိုယ်ကျိုးအတွက် ကောင်စီ၏ အမည်နှင့် ကောင်စီဝင်၏ လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန် ကတိသစ္စာပြုပါသည်။

၁၂။ ကောင်စီသည် အာဆီယံနိုင်ငံများအကြား ဗိသုကာဝန်ဆောင်မှုလုပ်ငန်းများအပေါ် အရည်အသွေးနှင့်ထောက်ခံလွှာ အပြန်အလှန်အသိအမှတ်ပြုရေးအစီအစဉ် ASEAN Mutual Recognition Arrangement (MRA) on Architectural Services အရ ဖွဲ့စည်းထားသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ စည်းမျဉ်းကြပ်မတ်ရေး အာဏာပိုင်အဖွဲ့ (ဗိသုကာ) Professional Regulatory Authority (PRA) (Architecture) ၏ တာဝန်ဝတ္တရားများကို ဆက်ခံရယူရမည်။

## အခန်း (၃)
## ကောင်စီဝင်များ၏ အရည်အချင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၃။ ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်-

(က) အသက် ၅၅ နှစ် ပြည့်ပြီးသော မြန်မာနိုင်ငံသား အကြီးတန်းဗိသုကာလိုင်စင်ရရှိသူ။

(ခ) ဗိသုကာပညာရပ်နယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၃၀ နှစ်ရှိသူ။

(ဂ) ဗိသုကာပညာရှင် ကျင့်ဝတ်၊ သိက္ခာ၊ သမာဓိနှင့် ပြည့်စုံသူ။

(ဃ) ဗိသုကာပညာရပ် တိုးတက်ထွန်းကားရေးအတွက် ကြိုးပမ်းခဲ့၍ မြန်မာနိုင်ငံ ဗိသုကာပညာရှင်များက ကြည်ညိုလေးစားသူ။

(င) နိုင်ငံတော်နှင့် လူမျိုးအပေါ် သစ္စာရှိသူ။

(စ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ခြင်းမခံရဘူးသူ။

(ဆ) စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းမခံရသူ။

(ဇ) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး၏ ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်ရပြီးသူ။

၁၄။ ကောင်စီဥက္ကဋ္ဌ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဥပဒေ၏ ရည်ရွယ်ချက်များကို အောင်မြင်အောင် ဆောင်ရွက်ခြင်း။

(ခ) မှတ်ပုံတင်လက်မှတ်များကို စိစစ်လက်မှတ်ရေးထိုးခြင်း။

(ဂ) ကောင်စီအစည်းအဝေးများနှင့် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများတွင် သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ခြင်း။

(ဃ) ကောင်စီ၏ ရန်ပုံငွေများကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်များနှင့်အညီ စီမံခန့်ခွဲခြင်း။

(င) ဥပဒေအရ ပေးအပ်ထားသော ကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်ရန် တာဝန်ခွဲဝေ သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ခြင်းနှင့် လမ်းညွှန်ခြင်း။

၁၅။ ကောင်စီဒုတိယဥက္ကဋ္ဌ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကောင်စီဥက္ကဋ္ဌက တာဝန်ပေးအပ်လျှင် ကောင်စီဥက္ကဋ္ဌကိုယ်စား တာဝန်ယူဆောင်ရွက်ခြင်း။

(ခ) ကောင်စီ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ကောင်စီဥက္ကဋ္ဌအား အကြံဉာဏ်ပေးခြင်း၊ အကူအညီပေးခြင်း။

၁၆။ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်သည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်-

(က) အသက် ၄၀ နှစ်ပြည့်ပြီးသော မြန်မာနိုင်ငံသား အကြီးတန်းဗိသုကာလိုင်စင်ရရှိသူ။

(ခ) ဗိသုကာဆိုင်ရာပညာရပ်နယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၁၅ နှစ်ရှိသူ။

(ဂ) အသက်နှင့်လုပ်ငန်းအတွေ့အကြုံ ကန့်သတ်ချက်များမှအပ နည်းဥပဒေ ၁၃ တွင် သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံသူ။

၁၇။ ကောင်စီအတွင်းရေးမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများ တရားနည်းလမ်းတကျ ဖြစ်ရေးအတွက်စီမံခြင်း။

(ခ) လုပ်ငန်းကော်မတီအသီးသီးမှ တင်ပြချက်များကို အလုပ်အမှုဆောင်အဖွဲ့တွင် အတည်ပြုချက်ရယူပေးခြင်း။

(ဂ) မှတ်ပုံတင်အရာရှိချုပ်နှင့် ရုံးအဖွဲ့များကို ကြီးကြပ်ခြင်းနှင့် စီမံခန့်ခွဲခြင်း။

(ဃ) ကောင်စီ၏ အမိန့်နှင့်ညွှန်ကြားချက်များကို ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လက်မှတ်ရေးထိုးထုတ်ပြန်ခြင်း။

(င) လုပ်ငန်းကော်မတီအသီးသီး၏ ရန်ပုံငွေ လိုအပ်ချက်များကို စုစည်း၍ ဘဏ္ဍာရေးမှူးနှင့် ညှိနှိုင်းပြီး ဥက္ကဋ္ဌထံ တင်ပြခြင်း။

(စ) အကြောင်းအမျိုးမျိုးကြောင့် ကောင်စီအစည်းအဝေး သို့မဟုတ် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ပါက တွဲဖက်အတွင်းရေးမှူးကို တာဝန်များ လွှဲပြောင်းဆောင်ရွက်စေခြင်း။

(ဆ) ကောင်စီဥက္ကဋ္ဌက အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း။

၁၈။ ကောင်စီတွဲဖက်အတွင်းရေးမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကောင်စီအတွင်းရေးမှူး၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ အကြံဉာဏ်ပေးခြင်းနှင့် ကူညီပေးခြင်း။

(ခ) ကောင်စီအတွင်းရေးမှူးက အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၁၉။ ကောင်စီဘဏ္ဍာရေးမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတိုင်းတွင် ဘဏ္ဍာငွေရရှိမှု၊ သုံးစွဲမှု၊ လက်ကျန်ငွေနှင့် သုံးစွဲရန်လျာထားချက်များကို တင်ပြအတည်ပြုချက်ရယူခြင်း။

(ခ) ကောင်စီ၏ ဘဏ္ဍာရေးကိစ္စအဝဝကို တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိကျမှန်ကန်စွာ ဆောင်ရွက်ရေးအတွက် ကြပ်မတ်ပေးခြင်း။

(ဂ) ဘဏ္ဍာရေးဆိုင်ရာ စာရင်းအင်းများနှင့် လယ်ဂျာများကို တိကျမှန်ကန်စွာရေးသွင်း ထိန်းသိမ်းမှုကို စိစစ်ခြင်းနှင့် ကြီးကြပ်ခြင်း။

(ဃ) ရငွေများအား ဘဏ်သို့ အချိန်မီပေးသွင်းရေးနှင့် ဘဏ် ငွေသွင်းငွေထုတ်လုပ်ငန်းများ စနစ်တကျရှိရေးအတွက် ကြပ်မတ်ဆောင်ရွက်ခြင်း။

(င) ကောင်စီ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်းနှင့် ရန်ပုံငွေလုံလောက်မှုမရှိပါက ဝန်ကြီးဌာနသို့ တင်ပြတောင်းခံရန် ဆောင်ရွက်ခြင်း။

၂၀။ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အလုပ်အမှုဆောင်အဖွဲ့ဝင်တိုင်းသည် လုပ်ငန်းကော်မတီတစ်ရပ်ရပ်တွင် အလုပ်အမှုဆောင်အဖွဲ့၏ ရွေးချယ်သဘောတူညီချက်ဖြင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခြင်း။

(ခ) ကောင်စီက ကျင်းပသော အစည်းအဝေးများသို့တက်ရောက်ခြင်း။

(ဂ) ကောင်စီက အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း။

၂၁။ ကောင်စီသည် ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်နေရာများ လစ်လပ်ပါက နည်းဥပဒေ ၃၊ ၄ တို့နှင့်အညီ ကောင်စီဝင်များက ရွေးကောက်တင်မြှောက်နိုင်အောင် ဆောင်ရွက်ပေးရမည်။

## အခန်း (၄)
## လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်း

၂၂။ ကောင်စီသည် လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သော လုပ်ငန်းကော်မတီတစ်ရပ်ရပ် ဖွဲ့စည်းရာတွင် အလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ဦး သို့မဟုတ် ကောင်စီဝင်တစ်ဦးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရှစ်ဦးထက်မပိုသောကောင်စီဝင် သို့မဟုတ် ဗိသုကာပညာရှင်များအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် ဖွဲ့စည်းတာဝန်ပေးရမည်။

၂၃။ မှတ်ပုံတင်လက်မှတ် စိစစ်ရေးလုပ်ငန်းကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်း၊ ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်းများကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြခြင်း။

(ခ) ဖွံ့ဖြိုးရေးအစီအမံသင်တန်းများအတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

(ဂ) လိုအပ်သော အရည်အချင်းစစ်စာမေးပွဲများ ကျင်းပစစ်ဆေးခြင်း။

(ဃ) အတွေ့အကြုံနှင့် အရည်အသွေးပြည့်ဝမှု မှတ်တမ်းများစိစစ်ခြင်း။

(င) လိုအပ်ပါက လူတွေ့စစ်ဆေးမှုပြုလုပ်ခြင်း။

၂၄။ မှတ်ပုံတင်လက်မှတ် စိစစ်ရေးလုပ်ငန်းကော်မတီသည် အောက်ပါတို့ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည် -

(က) မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်း။

(ခ) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးရန် လျှောက်ထားခြင်း။

(ဂ) မှတ်ပုံတင်လက်မှတ် ရုပ်သိမ်းခြင်းခံရသဖြင့် မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း။

(ဃ) မှတ်ပုံတင်လက်မှတ် ပျက်စီးခြင်းကြောင့် မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်း။

(င) မှတ်ပုံတင်လက်မှတ် ပျောက်ဆုံးခြင်းကြောင့် မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်း။

၂၅။ မှတ်ပုံတင်လက်မှတ် စိစစ်ရေးလုပ်ငန်းကော်မတီသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွေ့ရှိလျှင် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်သင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည် -

(က) လျှောက်ထားသူသည် သတ်မှတ်ထားသော အရည်အချင်း မပြည့်မီဟုလည်းကောင်း၊ လိုအပ်ချက်များကို မဖြည့်ဆည်းနိုင်ဟုလည်းကောင်း၊ မှတ်ပုံတင်လက်မှတ် စိစစ်ရေးလုပ်ငန်းကော်မတီက ယူဆရန် ခိုင်လုံသော အကြောင်းပေါ်ပေါက်ခြင်း။

(ခ) လျှောက်ထားသူသည် တစ်ဆက်တည်း ငါးနှစ်နှင့်အထက် သက်တမ်းတိုးလျှောက်ထားရန် ပျက်ကွက်ခြင်း။

(ဂ) မှတ်ပုံတင်လက်မှတ် ရုပ်သိမ်းသည့်ကာလ မပြည့်မြောက်ခြင်း။

(ဃ) လျှောက်ထားသူသည် ဘွဲ့၊ ဒီပလိုမာလက်မှတ်အတုများ တင်ပြကြောင်းပေါ်ပေါက်ခြင်း။

(င) လျှောက်ထားသူသည် မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခံထားရသူဖြစ်ကြောင်းပေါ်ပေါက်ခြင်း။

၂၆။ ဗိသုကာပညာရပ်ဆိုင်ရာ အရည်အသွေး စိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီသည် အောက်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ကောင်စီက အသိအမှတ်ပြုသင့်သော ဗိသုကာပညာဘွဲ့၊ ဗိသုကာနည်းပညာဘွဲ့နှင့် ဗိသုကာ ဒီပလိုမာများကို ပြုစုပြီး အလုပ်အမှုဆောင်အဖွဲ့သို့ အဆိုပြုတင်ပြခြင်း။

(ခ) ကောင်စီက အသိအမှတ်ပြုထားသော ဗိသုကာပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာရသူများ တတ်မြောက်ရန် လိုအပ်သော လုပ်ငန်းဆိုင်ရာ အရည်အချင်းများကို သတ်မှတ်နိုင်ရန် အလုပ်အမှုဆောင်အဖွဲ့သို့ အဆိုပြုတင်ပြခြင်း။

(ဂ) နိုင်ငံတကာ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ဗိသုကာ ပညာနှင့် သက်ဆိုင်သော တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံပညာရေးအဖွဲ့များကို အသိအမှတ်ပြု အမည်စာရင်း ထုတ်ပြန်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လိုအပ်သော အကြံဉာဏ်ပေးခြင်း၊ အကူအညီပေးခြင်းနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း။

(ဃ) ပြည်တွင်း ပြည်ပရှိ ဗိသုကာပညာ၊ နည်းပညာ၊ အင်ဂျင်နီယာပညာဆိုင်ရာ တက္ကသိုလ်၊ ကောလိပ် နှင့် သိပ္ပံတစ်ခုခုကအပ်နှင်းသည့် ဘွဲ့၊ ဒီပလိုမာရရှိသူများကို အသိအမှတ်ပြုရေးအတွက် ပညာရပ်ဆိုင်ရာ အရည်အသွေး စိစစ်ခြင်းနှင့် အသိအမှတ်ပြုခြင်းဆိုင်ရာများ သတ်မှတ်ခြင်း။

(င) ဗိသုကာပညာဆိုင်ရာ ကျင့်ထုံးများပြုစုရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသို့ အကြံပြုခြင်း၊ ပံ့ပိုးကူညီခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(စ) ဗိသုကာပညာရပ်ဆိုင်ရာနှင့်ပတ်သက်၍ အရည်အသွေးနှင့် အဆင့်အတန်း ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ စိစစ်ခြင်းနှင့် လိုအပ်ပါက အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း။

(ဆ) ဗိသုကာပညာရပ်ဆိုင်ရာ အရည်အသွေး စိစစ်အသိအမှတ်ပြုရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်း ဆောင်ရွက်ချက်များကို အခါအားလျော်စွာ ကောင်စီသို့ တင်ပြခြင်း။

၂၇။ ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေးလုပ်ငန်းကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက် ရမည်-

(က) ဗိသုကာပညာရှင်၊ ဗိသုကာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ လိုက်နာ စောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများကို ကောင်စီ၏အတည်ပြုချက်ဖြင့် သတ်မှတ်ခြင်း။

(ခ) ကျင့်ဝတ်သိက္ခာလိုက်နာစောင့်ထိန်းရေး အသိစိတ်ဓာတ်ကို ဗိသုကာပညာရှင်၊ ဗိသုကာ၊ ဘွဲ့ရ နည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများအတွင်း ပြန့်ပွားရေး ဆောင်ရွက်ခြင်း။

(ဂ) ဗိသုကာပညာရှင်၊ ဗိသုကာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများအနေဖြင့် ကျင့်ဝတ်သိက္ခာများနှင့် ကျွမ်းဝင်ထိတွေ့ လိုက်နာစေရေးဆောင်ရွက်ခြင်း။

(ဃ) ဗိသုကာပညာရှင်၊ ဗိသုကာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများအတွင်း ကျင့်ဝတ်သိက္ခာစောင့်ထိန်းရေး ကျယ်ပြန့်စွာသိရှိစေရန် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဟောပြောပွဲများပြုလုပ်ခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်းနှင့် အင်တာနက်သတင်းမီဒီယာများ အသုံးပြု၍ အသိပညာပေးခြင်း။

၂၈။ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) မှတ်ပုံတင်လက်မှတ်ရရှိသူများ ကျင့်ဝတ်သိက္ခာနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာစောင့်ထိန်းခြင်း ရှိ မရှိ စုံစမ်းစစ်ဆေးခြင်းနှင့် လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း။

(ခ) မှတ်ပုံတင်လက်မှတ်ရရှိသူသည် ဘွဲ့၊ ဒီပလိုမာလက်မှတ်အတု တင်ပြခဲ့ကြောင်း တစ်နည်းနည်းဖြင့် သိရှိလျှင် စုံစမ်းစစ်ဆေးခြင်းနှင့် လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း။

(ဂ) မှတ်ပုံတင်လက်မှတ်ရရှိသူက ယင်း၏ နစ်နာချက်များ တင်ပြခြင်းနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်းနှင့် လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း။

(ဃ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်အစီရင်ခံစာကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြခြင်း။

၂၉။ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီသည် မှတ်ပုံတင် လက်မှတ်ရရှိသူက ကျင့်ဝတ်သိက္ခာနှင့် စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်ကြောင်း တစ်နည်းနည်းဖြင့် သိရှိလျှင်သော်လည်းကောင်း၊ မှတ်ပုံတင်လက်မှတ်ရရှိသူသည် သို့မဟုတ် ရရှိရန်လျှောက်ထားသူသည် ဘွဲ့၊ ဒီပလိုမာလက်မှတ် အတုတင်ပြခဲ့ကြောင်း တစ်နည်းနည်းဖြင့် သိရှိလျှင်သော်လည်းကောင်း၊ မှတ်ပုံတင်လက်မှတ်ရရှိသူက ယင်း၏နစ်နာမှုကို တင်ပြလာလျှင်သော်လည်းကောင်း ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေးလုပ်ငန်းကော်မတီနှင့် ညှိနှိုင်း၍ သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးရမည်။

၃၀။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် -

(က) စွပ်စွဲခံရသူကို စုံစမ်းစစ်ဆေးရန် သင့်လျော်သည့်နေရာ၊ နေ့ရက်နှင့်အချိန်သတ်မှတ်၍ စုံစမ်းစစ်ဆေးရန် အကြောင်းကြားရမည်။

(ခ) စွပ်စွဲခံရသူ၏ရှေ့မှောက်တွင် ကြားနာစစ်ဆေးရမည်။

(ဂ) စွပ်စွဲခံရသူကို လုံလောက်သော ခုခံချေပခွင့်ပြုရမည်။

(ဃ) စုံစမ်းစစ်ဆေးချက်အရ မည်သည့်စည်းကမ်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့၏ သုံးသပ်ချက်များကို ဖော်ပြပြီး ပြန်လည်ချေပတင်ပြရန် သင့်လျော်သည့် အချိန်ကာလသတ်မှတ်၍ စွပ်စွဲခံရသူထံ အကြောင်းကြားရမည်။

(င) စွဲချက်များနှင့် စပ်လျဉ်း၍ ခုခံဖြေရှင်းရန် စွပ်စွဲခံရသူကို လုံလောက်သောအချိန် သတ်မှတ်ပေးရမည်။

(စ) စွပ်စွဲခံရသူကို ကိုယ်တိုင်သက်သေအဖြစ် စစ်ဆေးခံနိုင်ခွင့်ပေးရမည်။ သက်သေများကို ပြန်လှန်စစ်မေးခွင့်ရှိရမည်။

(ဆ) စွပ်စွဲခံရသူအတွက် ကျွမ်းကျင်မှုအကူအညီပေးနိုင်သူ သို့မဟုတ် မိတ်ဆွေအား လိုက်ပါဆောင်ရွက်ခြင်းကို ခွင့်ပြုရမည်။

(ဇ) စွပ်စွဲခံရသူ၏ ဖြေရှင်းချက်နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များအပေါ် စိစစ်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ သုံးသပ်ချက်ကို စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီသို့ တင်ပြရမည်။

(ဈ) စွပ်စွဲခံရသူသည် နည်းဥပဒေခွဲ (က) အရ သတ်မှတ်သည့်နေ့တွင် လာရောက်ခြင်းမရှိလျှင်သော်လည်းကောင်း၊ နည်းဥပဒေခွဲ (ဃ) အရ အကြောင်းကြားခြင်းအပေါ် ပြန်လည်ချေပတင်ပြခြင်း မရှိလျှင်သော်လည်းကောင်း ယင်း၏ မျက်ကွယ်တွင် စုံစမ်းစစ်ဆေးမှုပြုလုပ်နိုင်သည်။

(ည) စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၏ သီးခြားခွင့်ပြုချက်မရှိလျှင် စုံစမ်းစစ်ဆေးမှုကို စုံစမ်းစစ်ဆေးသည့်နေ့မှ (၆) လအတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရမည်။

၃၁။ စံချိန်စံညွှန်းနှင့် ဗိသုကာပညာဆိုင်ရာ ကျင့်ထုံးများ ပြုစုရေးလုပ်ငန်းကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ဗိသုကာပညာနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းများ၏ အရည်အသွေး၊ အဆင့်အတန်း ထိန်းသိမ်းမြှင့်တင်ရန် လုပ်ငန်းအခြေခံ စံချိန်စံညွှန်းများနှင့် မြန်မာ့စံချိန်စံညွှန်းများကိုပြုစုရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသို့ အကြံပြုခြင်း၊ ပံ့ပိုးကူညီခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(ခ) ဗိသုကာပညာနှင့် နည်းပညာကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်ထိန်းသိမ်းဆောင်ရွက်ခြင်း။

(ဂ) ဗိသုကာပညာဆိုင်ရာ ကျင့်ထုံးများပြုစုနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းပြုစုခြင်း။

(ဃ) ဗိသုကာပညာနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများ၏ အရည်အသွေးနှင့် အဆင့်အတန်း ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများအား ထုတ်ပြန်နိုင်ရန် ကောင်စီသို့တင်ပြခြင်း။

၃၂။ ဗိသုကာပညာ စဉ်ဆက်မပြတ်သင်ကြားရေးလုပ်ငန်းကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ဗိသုကာပညာနှင့် နည်းပညာဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စာတွေ့နှင့် လက်တွေ့သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ညီလာခံများကို ကြီးမှူးကျင်းပခြင်း၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့ အစည်းအဝေးများ၊ ညီလာခံများသို့ နိုင်ငံကိုယ်စားပြု၍ ပါဝင်တက်ရောက်နိုင်ရန် စီမံဆောင်ရွက်ခြင်း။

(ခ) လုပ်ငန်းလိုအပ်ချက်များနှင့်အညီ ဗိသုကာပညာရှင်၊ ဗိသုကာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ စဉ်ဆက်မပြတ် လေ့လာသင်ကြားမှုရရှိနိုင်စေရန် ဝန်ကြီးဌာနနှင့် အခြားအဖွဲ့အစည်းများသို့ အကြံပြုခြင်းနှင့် လိုအပ်သည်များ ပံ့ပိုးကူညီခြင်း။

(ဂ) ပညာရှင်အဆင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးစနစ် အကောင်အထည်ဖော်ခြင်းနှင့် သင်တန်းများ ဖွင့်လှစ်ခြင်းကို အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း။

(ဃ) ဗိသုကာပညာနှင့် နည်းပညာဆိုင်ရာ အဆင့်အတန်းမြင့်မားစေရေးအတွက် သုတေသန၊ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုခြင်းနှင့် ကူညီခြင်း။

(င) ဗိသုကာပညာရှင်၊ ဗိသုကာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ အရည်အသွေး ထိန်းသိမ်းမြှင့်တင်နိုင်ရန် အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်အကြံပြုခြင်း၊ ကူညီခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

၃၃။ ဗိသုကာပညာဆိုင်ရာ ကုမ္ပဏီများ၊ အဖွဲ့အစည်းများ စိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ပြည်တွင်း ပြည်ပ အတိုင်ပင်ခံ ဗိသုကာပညာရှင်များနှင့် ဗိသုကာပညာဆိုင်ရာလုပ်ငန်းနှင့် သက်ဆိုင်သော ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ ကန်ထရိုက်တာနှင့် ကန်ထရိုက်လုပ်ငန်း လုပ်ကိုင်သော ကုမ္ပဏီများနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းအခြေခံစံနှုန်းများကိုက်ညီမှု ရှိ မရှိ စိစစ်ရန် ဝန်ကြီးဌာနမှ အကြောင်းကြားလာပါက စိစစ်၍ သဘောထားပြန်ကြားခြင်းနှင့် ခွင့်ပြုချက်နှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနသို့ သဘောထား ပြန်ကြားခြင်း။

( ခ ) ပြည်တွင်း ပြည်ပ အတိုင်ပင်ခံ ဗိသုကာပညာရှင်များနှင့် ဗိသုကာပညာဆိုင်ရာ လုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီ၊ အဖွဲ့အစည်းများ၊ ကန်ထရိုက်တာများ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းအခြေခံစံနှုန်းများရေးဆွဲပြီး အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း။

၃၄။ နိုင်ငံခြားသား ဗိသုကာမှတ်ပုံတင်လက်မှတ် စိစစ်အသိအမှတ်ပြုရေးလုပ်ငန်းကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) နိုင်ငံခြားသားဗိသုကာမှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြခြင်း။

( ခ ) လိုအပ်သော အရည်အချင်းစစ်စာမေးပွဲများ ကျင်းပစစ်ဆေးခြင်း။

( ဂ ) အတွေ့အကြုံနှင့် အရည်အသွေးပြည့်ဝမှု မှတ်တမ်းများစိစစ်ခြင်း။

(ဃ) လိုအပ်ပါက လူတွေ့စစ်ဆေးမှုပြုလုပ်ခြင်း။

၃၅။ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် စိစစ်အသိအမှတ်ပြုရေးလုပ်ငန်းကော်မတီသည် နိုင်ငံခြားသား ဗိသုကာမှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါ အချက်အလက်များကို အခြေခံစိစစ်ပြီး နိုင်ငံခြားသား ဗိသုကာမှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် သင့် မသင့် သဘောထားမှတ်ချက် ဖြင့် အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်-

(က) ကြီးကြပ်မည့် မြန်မာနိုင်ငံသား အကြီးတန်း ဗိသုကာလိုင်စင်ရရှိသူ၏ မှတ်ပုံတင်လက်မှတ် မိတ္တူမှန် နှင့် နိုင်ငံခြားသား ဗိသုကာမှတ်ပုံတင်လက်မှတ် ထုတ်ပေးသင့်ကြောင်း ထောက်ခံချက်။

( ခ ) နိုင်ငံခြားသား ဗိသုကာပညာရှင်၏ ဗိသုကာပညာရပ်ဆိုင်ရာ ဘွဲ့လက်မှတ်နှင့် အထောက်အထားများ။

( ဂ ) နိုင်ငံခြားသား ဗိသုကာပညာရှင်၏ လုပ်ငန်းအတွေ့အကြုံမှတ်တမ်းနှင့် အထောက်အထားများ။

(ဃ) နိုင်ငံကူးလက်မှတ်၊ ပြည်ဝင်ခွင့်နှင့် အခြားလိုအပ်သောအထောက်အထားများ။

( င ) ကောင်စီက အခါအားလျော်စွာ သတ်မှတ်သော အထောက်အထားများ။

၃၆။ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် စိစစ်အသိအမှတ်ပြုရေးလုပ်ငန်းကော်မတီသည် နိုင်ငံခြားသား ဗိသုကာမှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် သင့် မသင့် စိစစ်ရာတွင် နိုင်ငံခြားသား ဗိသုကာပညာရှင်အား လုပ်ကိုင်ခွင့်ပြုသင့်သည့် ဗိသုကာပညာအမျိုးအစားနှင့် အဆင့်အတန်း၊ လုပ်ကိုင်ခွင့်ပြုသင့်သည့် နေရာဒေသ နှင့် အချိန်ကာလတို့ကို အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်။

၃၇။ နိုင်ငံခြားသား ဗိသုကာမှတ်ပုံတင်လက်မှတ် စိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွေ့ရှိလျှင် နိုင်ငံခြားသားဗိသုကာမှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ငြင်းပယ်သင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်-

(က) မြန်မာနိုင်ငံ၌ တရားဝင်လာရောက်နေထိုင်ခွင့်မရသူဖြစ်ခြင်း။

( ခ ) လျှောက်ထားသူသည် သတ်မှတ်ထားသော အရည်အချင်း၊ မပြည့်မီဟုလည်းကောင်း၊ လိုအပ်ချက် များကို မဖြည့်ဆည်းနိုင်ဟုလည်းကောင်း၊ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် စိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီက ယူဆရန် ခိုင်လုံသောအကြောင်းပေါ်ပေါက်ခြင်း။

(ဂ) လျှောက်ထားသူသည် ဘွဲ့၊ ဒီပလိုမာလက်မှတ်အတုများတင်ပြကြောင်း ပေါ်ပေါက်ခြင်း။

(ဃ) လျှောက်ထားသူသည် သက်ဆိုင်ရာနိုင်ငံက မှတ်ပုံတင်လက်မှတ် သို့မဟုတ် ပညာရှင်လိုင်စင် ပယ်ဖျက်ခံထားရသူဖြစ်ခြင်း။

(င) ကောင်စီက အခါအားလျော်စွာ သတ်မှတ်သော သတ်မှတ်ချက်များနှင့် မကိုက်ညီသူဖြစ်ခြင်း။

၃၈။ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ဗိသုကာပညာရှင်၊ ဗိသုကာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ အရည်အသွေး စံချိန်စံညွှန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးကို အထောက်အကူပြုနိုင်မည့် ဒေသတွင်းနှင့် နိုင်ငံတကာအစိုးရ သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တက္ကသိုလ်များ၊ ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးနိုင်မည့် အခွင့်အလမ်းများဖော်ဆောင်ခြင်း၊ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများရှာဖွေခြင်း။

(ခ) နိုင်ငံတကာ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ဗိသုကာပညာနှင့် နည်းပညာကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် အတွေ့အကြုံများအား လေ့လာခြင်း။

(ဂ) အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာဗိသုကာကောင်စီများ၊ ဗိသုကာအာဏာပိုင်အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်းနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ ဖော်ထုတ်ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံဗိသုကာကောင်စီဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေခြင်း။

(ဃ) ခေတ်မီဗိသုကာနည်းပညာရပ်များ၊ ကျွမ်းကျင်မှုဆိုင်ရာ နည်းစဉ်သစ်များ သဘာဝပတ်ဝန်းကျင်နှင့် လူသားအကျိုးပြု ဗိသုကာနည်းပညာရပ်များနှင့် စပ်လျဉ်း၍ ကမ္ဘာ့နိုင်ငံအသီးသီး၏ အတွေ့အကြုံများ၊ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများအပေါ် မြန်မာနိုင်ငံဗိသုကာပညာရှင်၊ ဗိသုကာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများသို့ ထပ်ဆင့်ဖြန့်ဝေဆောင်ရွက်ပေးခြင်း။

(င) နိုင်ငံတကာအတွေ့အကြုံရရှိစေမည့် ဆွေးနွေးပွဲ၊ ကွန်ဖရင့်နှင့် သင်တန်းများသို့ တက်ရောက်ခွင့်ရရှိရေးနှင့် လေ့လာရေးခရီးစဉ်များ သွားရောက်နိုင်ရေးတို့အတွက် စီစဉ်ဆောင်ရွက်ပေးခြင်း။

(စ) မြန်မာနိုင်ငံ ဗိသုကာကောင်စီဝက်ဘ်ဆိုက် တည်ထောင်ခြင်းနှင့် အဆိုပါဝက်ဘ်ဆိုက်မှ မြန်မာနိုင်ငံဗိသုကာကောင်စီဆိုင်ရာ သတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ဖြန့်ဝေပေးခြင်း။

(ဆ) နိုင်ငံတကာဆက်ဆံရေးအတွက် လိုအပ်သော အက်တာနက်စနစ်၊ ကွန်ပျူတာခန်းနှင့် ဧည့်ခန်းဆောင်များ စီစဉ်ခြင်း။

(ဇ) နိုင်ငံတကာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဗိသုကာမှတ်ပုံတင်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ၊ ကျင့်ဝတ်သိက္ခာများ၊ ဗိသုကာအရည်အသွေးပိုင်းဆိုင်ရာ အသိအမှတ်ပြုမှုလုပ်ငန်းများ၊ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ၊ ဗိသုကာပညာ စဉ်ဆက်မပြတ်သင်ကြားရေးများ၊ လုပ်ငန်းအခြေခံ စံချိန်စံညွှန်းများ၊ ဗိသုကာပညာရပ်ဆိုင်ရာကုမ္ပဏီများ၊ အဖွဲ့အစည်းများအား စိစစ်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရရှိသောသတင်းအချက်အလက်များအား သက်ဆိုင်ရာလုပ်ငန်းကော်မတီများသို့ ဆက်လက်ဖြန့်ဝေပေးခြင်း။

## အခန်း (၅)
## အစည်းအဝေးများ ကျင်းပခြင်း

၃၉။ ကောင်စီအစည်းအဝေး ကျင်းပရာတွင် -

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို သုံးလလျှင်တစ်ကြိမ် ကျင်းပပြုလုပ်ရမည်။

(ခ) ကောင်စီဥက္ကဋ္ဌသည် ကောင်စီဝင်ဦးရေ၏ အနည်းဆုံး လေးပုံတစ်ပုံက တရားဝင်စာဖြင့် ရေးသား တောင်းဆိုလျှင် ကောင်စီအထူးအစည်းအဝေးကို ၁၄ ရက်အတွင်းခေါ်ယူရမည်။

(ဂ) ပုံမှန်အစည်းအဝေးနှင့် အထူးအစည်းအဝေးသို့ ကောင်စီဝင်စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော် တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။

၄၀။ ကောင်စီဥက္ကဋ္ဌသည် အကြောင်းအမျိုးမျိုးကြောင့် ကောင်စီအစည်းအဝေး သို့မဟုတ် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ပါက ဒုတိယဥက္ကဋ္ဌတစ်ဦးဦးအား ဥက္ကဋ္ဌတာဝန် ကို လွှဲအပ်ဆောင်ရွက်စေရမည်။

၄၁။ အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေး ကျင်းပရာတွင် -

(က) အလုပ်အမှုဆောင်အဖွဲ့၏ ပုံမှန်အစည်းအဝေးကို တစ်လလျှင်တစ်ကြိမ် ကျင်းပပြုလုပ်ရမည်။

(ခ) အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးသို့ အလုပ်အမှုဆောင်အဖွဲ့ဝင် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော် တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။

၄၂။ လုပ်ငန်းကော်မတီများသည် လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးကို လိုအပ်သလို ကျင်းပပြုလုပ် နိုင်သည်။

၄၃။ ကောင်စီအစည်းအဝေး၊ အထူးအစည်းအဝေးနှင့် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများ ကျင်းပရာတွင် -

(က) မှတ်ပုံတင်အရာရှိချုပ်သည် အစည်းအဝေး ကျင်းပမည့်နေရာ၊ နေ့ရက်၊ အချိန်နှင့် အစည်းအဝေး တွင် ဆွေးနွေးမည့်အကြောင်းအရာများကိုဖော်ပြလျက် အစည်းအဝေးမကျင်းပမီ အနည်းဆုံး ငါးရက်ကြိုတင်ဖိတ်ကြားရမည်။

(ခ) အကြောင်းအမျိုးမျိုးကြောင့် ဖိတ်စာလက်ခံရရှိခြင်းမရှိ၍ ကောင်စီဝင်တစ်ဦးဦး အစည်းအဝေး တက်ရောက်ရန် ပျက်ကွက်ခြင်းကြောင့် ထိုအစည်းအဝေးတွင် ဆုံးဖြတ်ထားသည့်ကိစ္စများ ပျက်ပြယ်ခြင်းမရှိဟု မှတ်ယူရမည်။

(ဂ) လိုအပ်ပါက ကောင်စီဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ကောင်စီဝင်မဟုတ်သော သက်ဆိုင်ရာ ပညာရှင်များကိုလည်း အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားနိုင်သည်။

၄၄။ (က) ကောင်စီအစည်းအဝေး၊ အထူးအစည်းအဝေး၊ အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေး၊ လုပ်ငန်းကော်မတီအစည်းအဝေးများ၏ ဆွေးနွေးဆုံးဖြတ်ချက်များကို ကန့်သတ်အဆင့် သတ်မှတ်ရမည်။

(ခ) မှတ်ပုံတင်အရာရှိချုပ်သည် အစည်းအဝေးမှတ်တမ်းတင်သူအဖြစ် ဆောင်ရွက်ရမည်။

(ဂ) အစည်းအဝေးမှတ်တမ်းအားလုံးကို မှတ်ပုံတင်အရာရှိချုပ်က စနစ်တကျမှတ်တမ်းတင် သိမ်းဆည်းရမည်။

(ဃ) အစည်းအဝေးတစ်ခု ကျင်းပပြီးတိုင်း မှတ်ပုံတင်အရာရှိချုပ်သည် အစည်းအဝေးမှတ်တမ်း မူကြမ်းကို အတည်ပြုနိုင်ရန် အတည်ပြုပေးရမည့် နောက်ဆုံးရက်သတ်မှတ်၍ သက်ဆိုင်သူများထံ လှည့်လည်ဖြန့်ဝေရမည်။

(င) အစည်းအဝေးမှတ်တမ်းတိုင်းသည် အစည်းအဝေး၌ ဆုံးဖြတ်ထားသော အချက်အားလုံး အတွက် မှတ်တမ်းမှတ်ရာ သက်သေခံဖြစ်သည်။ အစည်းအဝေးမှတ်တမ်းတစ်ခုခုက ရည်ညွှန်း သော အစည်းအဝေးသည် အခြားဆန့်ကျင်ဘက် တစ်နည်းနည်းနှင့် သက်သေပြနိုင်ခြင်း မရှိလျှင် တရားဝင်ကျင်းပခဲ့သော အစည်းအဝေးဖြစ်သည်ဟု မှတ်တမ်းတင်ရမည်။

၄၅။ အစည်းအဝေးတွင် ပေါ်ပေါက်လာသော အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရန် တက်ရောက်လာသူအများစုက လက်ထောင်ကာဆန္ဒပြု၍ များရာဆန္ဒမဲဖြင့် ဆောင်ရွက်နိုင်သည်။ သို့ရာတွင် အစည်းအဝေးတက်ရောက်သူတစ်ဦးဦးက မှတ်တမ်းတင် ပေးရန် အဆိုပြုလျှင် ထောက်ခံသူ အမည်စာရင်း၊ ကန့်ကွက်သူအမည်စာရင်းနှင့် ကြားနေသူ အမည်စာရင်း ကို ကောင်စီဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အစည်းအဝေးတွင် မှတ်တမ်းတင်နိုင်သည်။

၄၆။ ကောင်စီပုံမှန်အစည်းအဝေးနှင့် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများတွင် ဘဏ္ဍာရေးမှူး သည် ငွေစာရင်းရှင်းတမ်းကို အောက်ပါအတိုင်း တင်ပြရမည် -

(က) လက်ရှိ ဘဏ္ဍာရေးနှစ်အတွင်း ကောင်စီ၏ ရငွေနှင့်သုံးငွေများ နောက်ဆုံးအခြေအနေ။

(ခ) နောက်ဆုံးအခြေအနေနှင့် ကိုက်ညီသော ငွေလက်ကျန်ရှင်းတမ်း။

## အခန်း (၆)
## ရုံးအဖွဲ့ဖွဲ့စည်းခြင်း

၄၇။ ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ရုံးအဖွဲ့ အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည်-

| | | |
|---|---|---|
| (က) | မှတ်ပုံတင်အရာရှိချုပ် | (၁) ဦး |
| (ခ) | လက်ထောက်မှတ်ပုံတင်အရာရှိချုပ် | (၁) ဦး |
| (ဂ) | မှတ်ပုံတင်အရာရှိ | (၂) ဦး |
| (ဃ) | ငွေစာရင်းအရာရှိ | (၁) ဦး |
| (င) | ကွန်ပျူတာကျွမ်းကျင်သူ | (၁) ဦး |
| (စ) | ရုံးဝန်ထမ်း | (၅) ဦး |

၄၈။ ကောင်စီသည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် မှတ်ပုံတင်အရာရှိတစ်ဦး ဦးဆောင်သော ရုံးအဖွဲ့ခွဲများ ကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

(ခ) ရုံးအဖွဲ့နှင့်ရုံးအဖွဲ့ခွဲများအတွက် ဝန်ထမ်းဦးရေကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄၉။ ကောင်စီသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူကို မှတ်ပုံတင်အရာရှိချုပ်အဖြစ် ခန့်အပ် တာဝန်ပေးရမည်-

(က) မြန်မာနိုင်ငံသားဖြစ်သူ။

(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူ။

(ဂ) ရုံးအုပ်ချုပ်မှုလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃) နှစ်ရှိသူ။

(ဃ) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူ။

(င) အကျင့်စာရိတ္တဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းမခံရဘူးသူ။

၅၀။ မှတ်ပုံတင်အရာရှိချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းများကို စိစစ်လက်ခံပြီး အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြခြင်း။

(ခ) အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ကြောင်း သက်ဆိုင်ရာ လျှောက်ထားသူထံ အကြောင်းကြားခြင်း။

(ဂ) မှတ်ပုံတင်လက်မှတ် လျှောက်ထားသူအား သတ်မှတ်ထားသော မှတ်ပုံတင်ကြေး၊ မှတ်ပုံတင် သက်တမ်းတိုးမြှင့်ကြေးနှင့် ရက်လွန်ကြေးပေးသွင်းစေပြီး ကောင်စီဥက္ကဋ္ဌ လက်မှတ်ရေးထိုးထားသော မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးခြင်း။

(ဃ) မှတ်ပုံတင်စာရင်း ရေးသွင်းခြင်း၊ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း၊ မှတ်ပုံတင်စာရင်းပြုစုခြင်း နှင့် အလုပ်အမှုဆောင်အဖွဲ့၏ အတည်ပြုချက်ဖြင့် အခါအားလျော်စွာထုတ်ပြန်ခြင်း။

(င) ရုံးအဖွဲ့နှင့် ရုံးအဖွဲ့ခွဲများကို ကြီးကြပ်ကွပ်ကဲခြင်း။

(စ) ကောင်စီအစည်းအဝေးနှင့် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဖိတ်ကြားခြင်း။

(ဆ) ကောင်စီအစည်းအဝေးနှင့် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးတွင် အစည်းအဝေး မှတ်တမ်းတင်ခြင်း။

(ဇ) အစည်းအဝေးမှတ်တမ်းများ ထိန်းသိမ်းခြင်း။

(ဈ) ကောင်စီနှင့်အလုပ်အမှုဆောင်အဖွဲ့က အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း။

၅၁။ ငွေစာရင်းအရာရှိသည် ဘဏ္ဍာရေးမှူးအား တာဝန်ခံ၍ ကောင်စီ၏ ငွေစာရင်းဆိုင်ရာလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

၅၂။ ရုံးအဖွဲ့နှင့် ရုံးအဖွဲ့ခွဲများသည် ကောင်စီက သတ်မှတ်ပေးထားသော လစာနှင့်စရိတ်ကို ခံစားခွင့်ရှိသည်။

## အခန်း (၇)

## ဘဏ္ဍာရေး

၅၃။ မှတ်ပုံတင်အရာရှိချုပ်သည် ကောင်စီက သတ်မှတ်ထားသော မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်သက်တမ်း တိုးမြှင့်ကြေးနှင့် မှတ်ပုံတင်သက်တမ်းတိုးရန် ပျက်ကွက်သည့်ရက်လွန်ကြေးငွေများကို ကောင်စီက ဖွင့်လှစ် ထားသော ဘဏ်စာရင်းသို့ ပေးသွင်းရမည်။

၅၄။ ငွေထုတ်ချက်လက်မှတ်အားလုံးကို ဥက္ကဋ္ဌ သို့မဟုတ် ဤကိစ္စအလို့ငှာ ဥက္ကဋ္ဌက တာဝန်ပေးအပ် ထားသော အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးနှင့် ဘဏ္ဍာရေးမှူးတို့က လက်မှတ်ရေးထိုးရမည်။

၅၅။ ကောင်စီ၏ ငွေစာရင်းများသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှုကို ခံယူရမည်။

## အခန်း (၈)

## ဗိသုကာမှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၅၆။ ပြည်တွင်း ပြည်ပရှိ ဗိသုကာပညာ၊ နည်းပညာ၊ အင်ဂျင်နီယာပညာဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံတစ်ခုခုက အပ်နှင်းသော ဗိသုကာနည်းပညာဘွဲ့ သို့မဟုတ် ဗိသုကာဒီပလိုမာရရှိသူသည် ကျွမ်းကျင် မှတ်ပုံတင်လက်မှတ်ရရှိလိုပါက အောက်ပါအချက်အလက်နှင့် အထောက်အထားများ ပြည့်စုံစွာဖော်ပြ၍ ကောင်စီသို့ လျှောက်ထားရမည်-

(က) အမည်၊ ပတ်စပို့အရွယ်ဓာတ်ပုံ (၂) ပုံ။

(ခ) ဇာတိနိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်။

(ဂ) ပညာအရည်အချင်း၊ ဗိသုကာနည်းပညာဘွဲ့ သို့မဟုတ် ဗိသုကာဒီပလိုမာလက်မှတ် မိတ္တူမှန်။

(ဃ) ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ။

(င) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ။

၅၇။ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရရှိပြီး သတ်မှတ်ကာလပြည့်မြောက်သူ သို့မဟုတ် ဗိသုကာနည်းပညာဘွဲ့ ရရှိသူသည် ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရရှိရန် နည်းဥပဒေ ၅၆ အတိုင်း ကောင်စီသို့ လျှောက်ထားနိုင်သည်။

၅၈။ မှတ်ပုံတင်အရာရှိချုပ်သည် နည်းဥပဒေ ၅၆ နှင့် ၆၀ အရ လျှောက်လွှာကိုလက်ခံရရှိလျှင် လျှောက်လွှာပါအချက်အလက်များ ပြည့်စုံစွာပါရှိခြင်း ရှိ မရှိ စိစစ်ပြီး မှတ်ပုံတင်လက်မှတ် စိစစ်ရေးလုပ်ငန်း ကော်မတီသို့ လျှောက်လွှာလက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ပေးပို့ရမည်။

၅၉။ မှတ်ပုံတင်လက်မှတ် စိစစ်ရေးလုပ်ငန်းကော်မတီသည် မှတ်ပုံတင်အရာရှိချုပ်ထံမှ ပေးပို့လာသော ကျွမ်းကျင်မှတ်ပုံတင်လက်မှတ် လျှောက်လွှာများကို စိစစ်ရာတွင် -

(က) ကောင်စီက အသိအမှတ်ပြုကြောင်း ထုတ်ပြန်ကြေညာထားသော ဗိသုကာနည်းပညာဘွဲ့ သို့မဟုတ် ဗိသုကာဒီပလိုမာ ရရှိသူကို ကျွမ်းကျင်မှတ်ပုံတင်လက်မှတ် ထုတ်ပေးသင့်ကြောင်း သဘောထား မှတ်ချက်ဖြင့် အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်။

(ခ) ကောင်စီက အသိအမှတ်ပြုကြောင်း ထုတ်ပြန်ကြေညာထားခြင်းမရှိသော ဗိသုကာနည်းပညာဘွဲ့ သို့မဟုတ် ဗိသုကာဒီပလိုမာရရှိသူကို လိုအပ်သောအရည်အချင်း စစ်ဆေးခြင်းများပြုလုပ်ပြီး သတ်မှတ်အရည်အချင်းပြည့်မီကြောင်း စစ်ဆေးတွေ့ရှိလျှင် ကျွမ်းကျင်မှတ်ပုံတင်လက်မှတ် ထုတ်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ဖြင့်လည်းကောင်း၊ သတ်မှတ်အရည်အချင်း ပြည့်မီခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိလျှင် ကျွမ်းကျင်မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ငြင်းပယ်သင့်ကြောင်း သဘောထားမှတ်ချက်ဖြင့်လည်းကောင်း အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်။

(ဂ) နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရရှိထားပြီး သတ်မှတ်ကာလ ပြည့်မြောက်သူကို ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် သင့် မသင့်နှင့် စပ်လျဉ်း၍ လျှောက်ထားသူအား ဗိသုကာအထူးပြုပညာရပ်အလိုက် အရည်အချင်းစစ်ဆေးခြင်းများ ပြုလုပ်ရမည်။ လိုအပ်ပါက လူတွေ့စစ်ဆေးခြင်း ပြုလုပ်နိုင်သည်။

၆၀။ ပြည်တွင်း ပြည်ပရှိ ဗိသုကာပညာ၊ နည်းပညာ၊ အင်ဂျင်နီယာပညာဆိုင်ရာ တက္ကသိုလ်နှင့်ကောလိပ် တစ်ခုခုက အပ်နှင်းသော ဗိသုကာပညာဆိုင်ရာ ဘွဲ့ရရှိသူသည်လည်းကောင်း၊ ဘွဲ့ရ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရရှိထားပြီး သတ်မှတ်ကာလ ပြည့်မြောက်သူသည်လည်းကောင်း မှတ်ပုံတင်ဗိသုကာ လက်မှတ်ရရှိလိုပါက အောက်ပါအချက်အလက်နှင့် အထောက်အထားများ ပြည့်စုံစွာဖော်ပြ၍ ကောင်စီသို့ လျှောက်ထားရမည် -

(က) အမည်၊ ပတ်စပို့အရွယ်ဓာတ်ပုံ (၂) ပုံ။

(ခ) ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်နှင့် နိုင်ငံကူးလက်မှတ်အမှတ်။

(ဂ) ပညာအရည်အချင်း၊ ဗိသုကာပညာဆိုင်ရာ ဘွဲ့လက်မှတ်မိတ္တူမှန် သို့မဟုတ် ဘွဲ့ရ နည်းပညာ ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် မိတ္တူမှန်။

(ဃ) ကြီးကြပ်သူ ဗိသုကာပညာရှင်၏ ကျေနပ်ဖွယ်ရှိကြောင်း ထောက်ခံချက်။

(င) ဗိသုကာပညာဆိုင်ရာ လုပ်ငန်းအတွေ့အကြုံဖော်ပြချက်။

(စ) ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ။

(ဆ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ။

၆၁။ မှတ်ပုံတင်လက်မှတ် စိစစ်ရေးလုပ်ငန်းကော်မတီသည် မှတ်ပုံတင်အရာရှိချုပ်ထံမှ ပေးပို့လာသော မှတ်ပုံတင်ဗိသုကာလက်မှတ်လျှောက်လွှာများကို စိစစ်ရာတွင် -

(က) ကောင်စီက အသိအမှတ်ပြုကြောင်း ထုတ်ပြန်ကြေညာထားသော ဗိသုကာဘွဲ့ရရှိသူကို မှတ်ပုံတင် ဗိသုကာလက်မှတ် ထုတ်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်။

(ခ) ကောင်စီက အသိအမှတ်ပြုကြောင်း ထုတ်ပြန်ကြေညာထားခြင်းမရှိသော ဗိသုကာပညာဆိုင်ရာ ဘွဲ့ရရှိသူကို လိုအပ်သော အရည်အချင်းစစ်ဆေးခြင်းများပြုလုပ်ပြီး သတ်မှတ်အရည်အချင်း ပြည့်မီကြောင်း စစ်ဆေးတွေ့ရှိလျှင် မှတ်ပုံတင်ဗိသုကာ လက်မှတ်ထုတ်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ဖြင့်လည်းကောင်း၊ သတ်မှတ်အရည်အချင်းပြည့်မီခြင်းမရှိကြောင်း စစ်ဆေး တွေ့ရှိလျှင် မှတ်ပုံတင်ဗိသုကာ လက်မှတ်ထုတ်ပေးရန် ငြင်းပယ်သင့်ကြောင်း သဘောထား မှတ်ချက်ဖြင့်လည်းကောင်း အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်။

(ဂ) ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရရှိထားပြီး သတ်မှတ်ကာလပြည့်မြောက်သူကို မှတ်ပုံတင်ဗိသုကာလက်မှတ် ထုတ်ပေးရန် သင့် မသင့်နှင့် စပ်လျဉ်း၍ လျှောက်ထားသူအား ဗိသုကာအထူးပြု ပညာရပ်အလိုက် အရည်အချင်းစစ်ဆေးခြင်းများ ပြုလုပ်ရမည်။ လိုအပ်ပါက လူတွေ့စစ်ဆေးခြင်း ပြုလုပ်နိုင်သည်။

၆၂။ မှတ်ပုံတင်ဗိသုကာလက်မှတ်ရရှိထားပြီး သတ်မှတ်ကာလပြည့်မြောက်သူသည် ဗိသုကာလိုင်စင် ရရှိလိုလျှင်ဖြစ်စေ ဗိသုကာလိုင်စင်ရရှိထားပြီး သတ်မှတ်ကာလပြည့်မြောက်သူသည် အကြီးတန်းဗိသုကာ လိုင်စင်ရရှိလိုလျှင်ဖြစ်စေ လျှောက်ထားလိုသူသည် နည်းဥပဒေ ၆၀ အတိုင်း ကောင်စီသို့ လျှောက်ထား နိုင်သည်။

၆၃။ မှတ်ပုံတင်လက်မှတ် စိစစ်ရေးလုပ်ငန်းကော်မတီသည် -

(က) မှတ်ပုံတင်ဗိသုကာလက်မှတ် ရရှိထားပြီး သတ်မှတ်ကာလပြည့်မြောက်သူကို ဗိသုကာလိုင်စင် ထုတ်ပေးရန် သင့် မသင့်နှင့် စပ်လျဉ်း၍ လျှောက်ထားသူအား ဗိသုကာပညာအလိုက် အရည်အချင်း စစ်ဆေးခြင်းများ ပြုလုပ်ရမည်။ လိုအပ်ပါက လူတွေ့စစ်ဆေးခြင်း ပြုလုပ်နိုင်သည်။

(ခ) ဗိသုကာလိုင်စင်ရရှိထားပြီး သတ်မှတ်ကာလပြည့်မြောက်သူကို အကြီးတန်းဗိသုကာလိုင်စင် ထုတ်ပေးရန် သင့် မသင့်နှင့် စပ်လျဉ်း၍ လျှောက်ထားသူအား သတ်မှတ်အရည်အချင်း ပြည့်မီခြင်း ရှိ မရှိ လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်နိုင်သည်။

၆၄။ မှတ်ပုံတင်လက်မှတ် လျှောက်ထားသူသည် -

(က) နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရရှိသူသည် အကြီးတန်းဗိသုကာလိုင်စင်ရရှိသူ သို့မဟုတ် ဗိသုကာလိုင်စင်ရရှိသူ၏ ကြီးကြပ်မှုဖြင့် ဗိသုကာပညာဆိုင်ရာလုပ်ငန်းများတွင် အနည်းဆုံး လေးနှစ် အလုပ်လုပ်ကိုင်ပြီးမှသာ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ် လျှောက်ထားနိုင်သည်။

(ခ) ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရရှိသူသည် အကြီးတန်းဗိသုကာလိုင်စင်ရရှိသူ သို့မဟုတ် ဗိသုကာလိုင်စင်ရရှိသူ၏ ကြီးကြပ်မှုဖြင့် ဗိသုကာပညာဆိုင်ရာလုပ်ငန်းများတွင် အနည်းဆုံး နှစ်နှစ် အလုပ်လုပ်ကိုင်ပြီးမှသာ မှတ်ပုံတင်ဗိသုကာလက်မှတ် လျှောက်ထားနိုင်သည်။

(ဂ) မှတ်ပုံတင်ဗိသုကာလက်မှတ်ရရှိသူသည် အကြီးတန်းဗိသုကာလိုင်စင်ရရှိသူ၏ ကြီးကြပ်မှုဖြင့် ဗိသုကာပညာဆိုင်ရာလုပ်ငန်းတွင် အနည်းဆုံး နှစ်နှစ် အလုပ်လုပ်ကိုင်ပြီးမှသာ ဗိသုကာလိုင်စင် လျှောက်ထားနိုင်သည်။

(ဃ) ဗိသုကာလိုင်စင်ရရှိသူသည် ဗိသုကာပညာဆိုင်ရာလုပ်ငန်းတွင် ဗိသုကာပညာရှင်အဖြစ် ငါးနှစ် ဆက်တိုက် အလုပ်လုပ်ကိုင်ပြီးမှသာ အကြီးတန်းဗိသုကာလိုင်စင် လျှောက်ထားနိုင်သည်။

၆၅။ ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် မှတ်ပုံတင်လက်မှတ် စိစစ်ရေးလုပ်ငန်းကော်မတီက သဘောထားမှတ်ချက်ဖြင့် တင်ပြသော မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းကို စိစစ်ပြီး မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် သို့မဟုတ် ငြင်းပယ်ရန်ဆုံးဖြတ်ချက်ဖြင့် မှတ်ပုံတင်လက်မှတ် လျှောက်လွှာကို မှတ်ပုံတင်အရာရှိချုပ်ထံ ပေးပို့ရမည်။

၆၆။ မှတ်ပုံတင်အရာရှိချုပ်သည် မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းကို အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အလုပ်အမှုဆောင်အဖွဲ့က မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ဆုံးဖြတ်လျှင် လျှောက်ထားသူအား သတ်မှတ်ထားသော မှတ်ပုံတင်ကြေးကို ပေးသွင်းစေပြီး သက်ဆိုင်ရာ မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးခြင်း။

(ခ) အလုပ်အမှုဆောင်အဖွဲ့က မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန်ငြင်းပယ်ကြောင်း ဆုံးဖြတ်လျှင် ယင်းဆုံးဖြတ်ချက်ကို လျှောက်ထားသူသို့ အကြောင်းကြားခြင်း။

(ဂ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းကို စာရင်းရေးသွင်းခြင်း။

၆၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်သော နိုင်ငံခြားသားဗိသုကာပညာရှင်သည် နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်သည့် လုပ်ငန်းတစ်ခုခုတွင်သော်လည်းကောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့်လုပ်ကိုင်သည့် လုပ်ငန်းတစ်ခုခုတွင်သော်လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းတစ်ခုခုတွင်သော်လည်းကောင်း၊ ဗိသုကာပညာဆိုင်ရာလုပ်ငန်း သို့မဟုတ် ဗိသုကာပညာဆိုင်ရာ အတိုင်ပင်ခံလုပ်ငန်း တစ်မျိုးမျိုးကို တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ တစ်ဦးထက်ပိုသောသူများဖြင့်သော်လည်းကောင်း လုပ်ကိုင်လိုလျှင် နိုင်ငံခြားသား ဗိသုကာမှတ်ပုံတင်လက်မှတ်ရရှိရန် ကောင်စီသို့ လျှောက်ထားရမည်။

၆၈။ နိုင်ငံခြားသား ဗိသုကာပညာရှင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ဆောင်ရွက်မည့် ဗိသုကာလုပ်ငန်းတစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ လုပ်ငန်းအပ်နှံခြင်းဆိုင်ရာ တာဝန်ယူမှုနှင့် တာဝန်ခံမှုများမပြုမီ မိမိရရှိထားသော ဗိသုကာပညာဆိုင်ရာ ဘွဲ့ သို့မဟုတ် ဒီပလိုမာကို ပညာရှင်အသိအမှတ်ပြုလွှာရရှိရန် ကောင်စီသို့ လျှောက်ထားနိုင်သည်။

၆၉။ နိုင်ငံခြားသား ဗိသုကာမှတ်ပုံတင်လက်မှတ် လျှောက်ထားလိုသော နိုင်ငံခြားသားဗိသုကာပညာရှင်သည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် -

(က) မြန်မာနိုင်ငံတွင် တရားဝင်လာရောက်နေထိုင်ခွင့်ရရှိသူ။

(ခ) မြန်မာနိုင်ငံသား အကြီးတန်းဗိသုကာလိုင်စင်ရရှိသူ၏ ကြီးကြပ်မှုအောက်တွင် ဆောင်ရွက်နိုင်သူ။

(ဂ) ကောင်စီက အသိအမှတ်ပြုထားသော ဗိသုကာပညာဘွဲ့ရရှိသူ။

(ဃ) ဌာနေနိုင်ငံ၏ ဗိသုကာပညာအလိုက် သတ်မှတ်ထားသော အရည်အချင်းနှင့်ပြည့်မီသူ။

(င) ဗိသုကာပညာဆိုင်ရာလုပ်ငန်းများတွင် အနည်းဆုံး ငါးနှစ် လုပ်ငန်းအတွေ့အကြုံရှိသူ။

(စ) ကောင်စီက အခါအားလျော်စွာ ထုတ်ပြန်သော သတ်မှတ်ချက်များနှင့် ပြည့်စုံသူ။

၇၀။ နိုင်ငံခြားသား ဗိသုကာပညာရှင်သည် နိုင်ငံခြားသား ဗိသုကာမှတ်ပုံတင်လက်မှတ် သို့မဟုတ် ပညာရှင်အသိအမှတ်ပြုလွှာရရှိလိုပါက အောက်ပါအချက်အလက်နှင့် အထောက်အထားများ ပြည့်စုံစွာဖော်ပြ၍ ကောင်စီသို့ လျှောက်ထားရမည် -

(က) အမည်၊ ပတ်စပို့အရွယ်ဓာတ်ပုံ (၂) ပုံ။

(ခ) နိုင်ငံကူးလက်မှတ်မိတ္တူမှန်။

(ဂ) သက်ဆိုင်ရာ ဝန်ကြီးဌာန သို့မဟုတ် လုပ်ငန်းရှင်၏ လုပ်ငန်းအပ်နှံလိုကြောင်း အကြောင်းကြားစာ။

(ဃ) ပညာအရည်အချင်း၊ ဗိသုကာပညာဘွဲ့ လက်မှတ်မူရင်းနှင့် အထောက်အထားများ။

(င) တာဝန်ခံကြီးကြပ်မည့် မြန်မာနိုင်ငံသား အကြီးတန်းဗိသုကာလိုင်စင်ရရှိသူ၏ ထောက်ခံချက်။

(စ) ဗိသုကာပညာဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ ဖော်ပြချက်နှင့်အထောက်အထားများ။

(ဆ) အမြဲတမ်းနေထိုင်ရာ နိုင်ငံ၏ နေရပ်လိပ်စာ အပြည့်အစုံနှင့် လက်ရှိနေရပ်လိပ်စာအပြည့်အစုံ။

(ဇ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ။

၇၁။ မှတ်ပုံတင်အရာရှိချုပ်သည် နည်းဥပဒေ ၇၀ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် လျှောက်လွှာပါ အချက်အလက်များ ပြည့်စုံစွာပါရှိခြင်း ရှိ မရှိ စိစစ်ပြီး နိုင်ငံခြားသား ဗိသုကာမှတ်ပုံတင် လက်မှတ် စိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီသို့ လျှောက်လွှာလက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ပေးပို့ရမည်။

၇၂။ နိုင်ငံခြားသား ဗိသုကာမှတ်ပုံတင်လက်မှတ် စိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီသည် မှတ်ပုံတင်အရာရှိချုပ်ထံမှ ပေးပို့လာသော နိုင်ငံခြားသား ဗိသုကာမှတ်ပုံတင်လက်မှတ်လျှောက်လွှာကို စိစစ်ရာတွင် -

(က) သတ်မှတ်အရည်အချင်းနှင့် ပြည့်မီကြောင်းတွေ့ရှိပါက နိုင်ငံခြားသား ဗိသုကာမှတ်ပုံတင်လက်မှတ် ထုတ်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်။

(ခ) သတ်မှတ်အရည်အချင်းနှင့် မပြည့်မီကြောင်းတွေ့ရှိပါက နိုင်ငံခြားသား ဗိသုကာမှတ်ပုံတင် လက်မှတ် ထုတ်ပေးရန်ငြင်းပယ်သင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် အလုပ်အမှုဆောင် အဖွဲ့သို့ တင်ပြရမည်။

(ဂ) နိုင်ငံခြားသားဗိသုကာမှတ်ပုံတင်လက်မှတ် ထုတ်ပေးသင့်ကြောင်း သုံးသပ်ရရှိပါက လုပ်ကိုင်ခွင့် ပြုသင့်သော ဗိသုကာပညာရပ်အမျိုးအစား၊ အဆင့်အတန်း၊ နေရာဒေသနှင့် အချိန်ကာလတို့ကို တင်ပြရမည်။

၇၃။ နိုင်ငံခြားသား ဗိသုကာမှတ်ပုံတင်လက်မှတ် စိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီသည် မှတ်ပုံတင်အရာရှိချုပ်ထံမှ ပေးပို့လာသော ပညာရှင်အသိအမှတ်ပြုလွှာ လျှောက်ထားခြင်းကို စိစစ်ပြီး အသိအမှတ်ပြုသင့်ကြောင်း သို့မဟုတ် အသိအမှတ်ပြုရန် ငြင်းပယ်သင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်။

၇၄။ ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် နိုင်ငံခြားသား ဗိသုကာမှတ်ပုံတင်လက်မှတ် စိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီက သဘောထားမှတ်ချက်ဖြင့် တင်ပြသော နိုင်ငံခြားသား ဗိသုကာ မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်း သို့မဟုတ် ပညာရှင်အသိအမှတ်ပြုလွှာ လျှောက်ထားခြင်းကို စိစစ်ပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် သို့မဟုတ် ငြင်းပယ်ရန် ဆုံးဖြတ်ချက်ဖြင့်လည်းကောင်း၊ အသိအမှတ် ပြုကြောင်း သို့မဟုတ် အသိအမှတ်ပြုရန် ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်ဖြင့်လည်းကောင်း မှတ်ပုံတင် အရာရှိချုပ်ထံ ပေးပို့ရမည်။

၇၅။ မှတ်ပုံတင်အရာရှိချုပ်သည် နိုင်ငံခြားသားဗိသုကာ မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်း သို့မဟုတ် ပညာရှင်အသိအမှတ်ပြုလွှာ လျှောက်ထားခြင်းကို အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ အောက်ပါ အတိုင်း ဆောင်ရွက်ရမည် -

(က) အလုပ်အမှုဆောင်အဖွဲ့က မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန်ဆုံးဖြတ်လျှင် နိုင်ငံခြားသား ဗိသုကာ ပညာရှင်အား သတ်မှတ်ထားသော မှတ်ပုံတင်ကြေးကိုပေးသွင်းစေပြီး ကောင်စီဥက္ကဋ္ဌ လက်မှတ်ရေးထိုးထားသော နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးခြင်း။

(ခ) နိုင်ငံခြားသားဗိသုကာမှတ်ပုံတင်လက်မှတ်တွင် လုပ်ကိုင်ခွင့်ပြုသော ဗိသုကာပညာရပ် အမျိုးအစား၊ အဆင့်အတန်း၊ နေရာဒေသနှင့် အချိန်ကာလကို ဖော်ပြခြင်း။

(ဂ) အလုပ်အမှုဆောင်အဖွဲ့က ပညာရှင်အသိအမှတ်ပြုလွှာ ထုတ်ပေးရန်ဆုံးဖြတ်လျှင် နိုင်ငံခြားသား ဗိသုကာပညာရှင်ရရှိထားသော ပညာရှင်လိုင်စင်ကို အသိအမှတ်ပြုကြောင်း လျှောက်ထားသူသို့ အကြောင်းကြားခြင်း။

(ဃ) အလုပ်အမှုဆောင်အဖွဲ့က မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ကြောင်း သို့မဟုတ် အသိအမှတ်ပြုရန် ငြင်းပယ်ကြောင်းဆုံးဖြတ်လျှင် ယင်းဆုံးဖြတ်ချက်ကို လျှောက်ထားသူသို့ အကြောင်းကြားခြင်း။

(င) နိုင်ငံခြားသား ဗိသုကာမှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် အသိအမှတ်ပြုခြင်းတို့ကို မှတ်ပုံတင်စာရင်းရေးသွင်းခြင်း။

၇၆။ နိုင်ငံခြားသား ဗိသုကာမှတ်ပုံတင်လက်မှတ်ရရှိသော နိုင်ငံခြားသား ဗိသုကာပညာရှင်သည် အောက်ပါတို့ကို လိုက်နာရမည်-

(က) မြန်မာနိုင်ငံသား အကြီးတန်းဗိသုကာလိုင်စင်ရရှိသူ၏ ကြီးကြပ်မှုဖြင့် အလုပ်လုပ်ကိုင်ရမည်။

(ခ) ကောင်စီက ချမှတ်ထားသော ကန့်သတ်ချက်များအား ဆန့်ကျင်၍ အဆိုပြုလွှာတင်သွင်းခြင်း သို့မဟုတ် ခွင့်ပြုမိန့်တောင်းခံခြင်းများကို ဆောင်ရွက်ခြင်းမပြုရ။

(ဂ) ကောင်စီက ဗိသုကာပညာဆိုင်ရာ အရည်အချင်းအတွက် အထောက်အထားများ တောင်းခံလျှင် တင်ပြရမည်။

(ဃ) နည်းပညာလွှဲပြောင်းလေ့လာချက်အား အထောက်အကူပြုရန် ချမှတ်ထားသော စည်းကမ်းများကို လိုက်နာရမည်။

(င) ဥပဒေ၊ စံချိန်စံညွှန်းနှင့် အရည်အသွေးသတ်မှတ်ချက်များကို ကောင်းစွာသိရှိ နားလည်ထားပြီး ဖြစ်ရမည်။

(စ) ကောင်စီက ချမှတ်ထားသော ကျင့်ဝတ်သိက္ခာများကို လိုက်နာရမည်။

(ဆ) ကောင်စီကခွင့်ပြုသော ဗိသုကာဆိုင်ရာလုပ်ငန်းများကိုသာ ဆောင်ရွက်ရမည်။

(ဇ) မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများကို လိုက်နာရမည်။

(ဈ) နိုင်ငံတော်က သတ်မှတ်ထားသောဝင်ငွေခွန်ကို ထမ်းဆောင်ရမည်။

(ည) ကောင်စီက အခါအားလျော်စွာ ချမှတ်သောစည်းကမ်းချက်များကို လိုက်နာရမည်။

၇၇။ ပညာရှင်အသိအမှတ်ပြုလွှာရရှိသော နိုင်ငံခြားသားဗိသုကာပညာရှင်သည် အောက်ပါတို့ကို လိုက်နာရမည်-

(က) မြန်မာနိုင်ငံသား အကြီးတန်းဗိသုကာလိုင်စင်ရရှိသူတစ်ဦးနှင့် တွဲဖက်လုပ်ကိုင်ရမည်။

(ခ) ကောင်စီကချမှတ်ထားသော ကန့်သတ်ချက်များအား ဆန့်ကျင်၍ အဆိုပြုလွှာတင်သွင်းခြင်း၊ ခွင့်ပြုမိန့်တောင်းခံခြင်း သို့မဟုတ် လုပ်ငန်းအပ်နှံခြင်းဆိုင်ရာ တာဝန်ယူခြင်းနှင့် တာဝန်ခံခြင်းများ မပြုရ။

(ဂ) နည်းပညာလွှဲပြောင်းလေ့လာခြင်းအား အထောက်အကူပြုရန် ချမှတ်ထားသော စည်းကမ်းများကို လိုက်နာရမည်။

(ဃ) ပညာရှင်အသိအမှတ်ပြုလွှာရရှိပြီးမှသာ လုပ်ငန်းအပ်နှံခြင်းနှင့် ဆက်ခံခြင်းများကို ဆောင်ရွက်ရမည်။

(င) တွဲဖက်လုပ်ကိုင်သော မြန်မာနိုင်ငံသား အကြီးတန်းဗိသုကာလိုင်စင်ရရှိသူကို မှတ်တမ်းဝင်ဗိသုကာ အဖြစ် အသိအမှတ်ပြုရမည်။

(စ) လုပ်ငန်းဆိုင်ရာ ကြော်ငြာတွင်သော်လည်းကောင်း၊ လုပ်ငန်းအစီရင်ခံစာတွင်သော်လည်းကောင်း တွဲဖက်လုပ်ကိုင်သော မြန်မာနိုင်ငံသား အကြီးတန်းဗိသုကာလိုင်စင်ရရှိသူ၏အမည်ကို မပျက်မကွက် ဖော်ပြရမည်။

(ဆ) မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများကို လိုက်နာရမည်။

(ဇ) နိုင်ငံတော်က သတ်မှတ်ထားသော အခွန်အခများနှင့် ဝင်ငွေခွန်ကို ထမ်းဆောင်ရမည်။

(ဈ) ကောင်စီက အခါအားလျော်စွာ ချမှတ်သောစည်းကမ်းချက်များကို လိုက်နာရမည်။

၇၈။ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုး ရရှိသူသည် -

(က) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) သက်တမ်းကျော်လွန်ပြီးမှ သက်တမ်းတိုးလျှောက်ထားလျှင် သတ်မှတ်ထားသော ရက်လွန်ကြေး ပေးသွင်း၍ လျှောက်ထားရမည်။

(ဂ) မှတ်ပုံတင်လက်မှတ် ပျက်စီးခြင်းကြောင့်သော်လည်းကောင်း၊ ပျောက်ဆုံးခြင်းကြောင့် သော်လည်းကောင်း မှတ်ပုံတင်လက်မှတ်ရရှိရန် ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ဃ) ကျွမ်းကျင်မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းအတွက် လျှောက်ထားလိုသူသည် နည်းဥပဒေ ၅၆ အတိုင်း ကောင်စီသို့ လျှောက်ထားရမည်။

(င) ဗိသုကာမှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းအတွက် လျှောက်ထားလိုသူသည် နည်းဥပဒေ ၆၀ အတိုင်း ကောင်စီသို့ လျှောက်ထားရမည်။

၇၉။ ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုး လျှောက်ထားခြင်းများကို စိစစ်ပြီး အောက်ပါအချက်တစ်ရပ်ရပ်တွေ့ရှိလျှင် မှတ်ပုံတင်သက်တမ်း တိုးမြှင့်ပေးရန် ငြင်းပယ်နိုင်သည်-

(က) အကျင့်စာရိတ္တနှင့် သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ဖြင့် ထောင်ဒဏ်ချမှတ်ခံရကြောင်း ပေါ်ပေါက်ခြင်း။

(ခ) ကိုယ်ကျင့်တရား ပျက်ယွင်းသည်ဟု ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေးလုပ်ငန်းကော်မတီ သို့မဟုတ် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီက စစ်ဆေးတွေ့ရှိခြင်း။

(ဂ) စိတ်ရောဂါစွဲကပ်ခြင်း၊ အသိဉာဏ်ပျောက်ကွယ်ခြင်း သို့မဟုတ် အခြားအကြောင်းတစ်ရပ်ရပ် ကြောင့်ဖြစ်စေ မှတ်ပုံတင်လက်မှတ်ရရှိသူ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်စွမ်းမရှိခြင်း။

၈၀။ ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် နည်းဥပဒေ ၇၉ အရ မှတ်ပုံတင်သက်တမ်းတိုးရန် ငြင်းပယ်သော မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း ပြုနိုင်သည်။

၈၁။ အလုပ်အမှုဆောင်အဖွဲ့သည် စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းအရ မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ကြောင်း အမိန့်ချမှတ်ခံရသူအား ယင်းအမိန့်အတည်ဖြစ်သရွေ့ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးရရှိရန် လျှောက်ထားခြင်းကို ငြင်းပယ်ခြင်းပြုရမည်။

## အခန်း (၉)

## စီမံခန့်ခွဲရေးဆိုင်ရာနည်းလမ်းအရ အရေးယူခြင်း

၈၂။ အလုပ်အမှုဆောင်အဖွဲ့သည် စွပ်စွဲခံရသူတွင် အပြစ်မရှိဟု ဆုံးဖြတ်လျှင် စွပ်စွဲချက်ကို ပလပ် နိုင်သည်။ စွပ်စွဲခံရသူသည် မှတ်ပုံတင်လက်မှတ်ရရှိသူဖြစ်ပြီး အပြစ်ရှိသည်ဟုဆုံးဖြတ်လျှင် အောက်ပါစီမံ ခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်-

(က) တိုင်ကြားခံရသူအား စာဖြင့် သတိပေးခြင်း သို့မဟုတ် နှုတ်ဖြင့်သတိပေးခြင်း။

(ခ) သင့်လျော်သော ဒဏ်ကြေးငွေပေးဆောင်စေခြင်း။

(ဂ) စွပ်စွဲခံရသူအား နှစ်နှစ်ထက်မပိုသော ကာလအတွင်း မှတ်ပုံတင်လက်မှတ် ရုပ်သိမ်းခြင်း။

(ဃ) မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခြင်း။

(င) သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုရန် ဆောင်ရွက်ခြင်း။

၈၃။ အလုပ်အမှုဆောင်အဖွဲ့သည် နည်းဥပဒေ ၈၂ အရ ချမှတ်သောအမိန့်ကို စွပ်စွဲခံရသူထံ စာဖြင့်ရေးသားပေးပို့ရမည်။

## အခန်း (၁၀)
## အယူခံခြင်း

၈၄။ အလုပ်အမှုဆောင်အဖွဲ့က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်း၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုး လျှောက်ထားခြင်း၊ မှတ်ပုံတင်လက်မှတ် တစ်မျိုးမျိုးထုတ်ပေးရန်အလို့ငှာ ပြည်တွင်း ပြည်ပရှိ ဗိသုကာပညာ၊ နည်းပညာ၊ အင်ဂျင်နီယာပညာဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံတစ်ခုခုက အပ်နှင်းသည့် ဘွဲ့၊ ဒီပလိုမာ ရရှိသူများကို အသိအမှတ်ပြုရန် လျှောက်ထားခြင်းတို့နှင့် စပ်လျဉ်း၍ ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အောက်ဖော်ပြပါ အချက်အလက်များ ပြည့်စုံစွာဖော်ပြ၍ ကောင်စီသို့ အယူခံဝင်နိုင်သည်-

(က) အယူခံသူ၏ အမည်နှင့် ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် နိုင်ငံခြားသားမှတ်ပုံတင်အမှတ်နှင့် နိုင်ငံကူးလက်မှတ်အမှတ်။

(ခ) အယူခံသူကိုယ်တိုင် လက်မှတ်ရေးထိုးထားသောလျှောက်လွှာ။

(ဂ) အယူခံဝင်ရသည့် အကြောင်းပြချက်နှင့် သက်သေခံအထောက်အထားများ။

(ဃ) အလုပ်အမှုဆောင်အဖွဲ့၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်မိတ္တူမှန်။

၈၅။ ကောင်စီသည် အယူခံလွှာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကောင်စီအထူး အစည်းအဝေးခေါ်ယူပြီး အယူခံလွှာပါ တင်ပြချက်များကိုဆွေးနွေး၍ ကောင်စီဝင်များ၏ များရာဆန္ဒမဲဖြင့် အလုပ်အမှုဆောင်အဖွဲ့၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုလုပ်ရမည်။

၈၆။ နည်းဥပဒေ ၈၅ အရ ချမှတ်သော ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်နှင့် အတည်ဖြစ်သည်။

## အခန်း (၁၁)
## တားမြစ်ထားသော လုပ်ငန်းများနှင့် ကန့်သတ်ခွင့်ပြုထားသောလုပ်ငန်းများ

၈၇။ မှတ်ပုံတင် ဗိသုကာလက်မှတ်ရရှိသူ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရရှိသူနှင့် နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရရှိသူတို့သည် အကြီးတန်းဗိသုကာလိုင်စင် သို့မဟုတ် ဗိသုကာ လိုင်စင်ရရှိသူ တစ်ဦးဦး၏ ကြီးကြပ်မှုဖြင့်သာ မြန်မာနိုင်ငံဗိသုကာကောင်စီက သတ်မှတ်သော ဗိသုကာဆိုင်ရာ လုပ်ငန်းကို လုပ်ကိုင်ရမည်။

၈၈။　ဗိသုကာလိုင်စင်ရရှိသူသည် မြန်မာနိုင်ငံဗိသုကာကောင်စီမှ သတ်မှတ်သောလုပ်ငန်းများတွင် အောက်ပါဗိသုကာလုပ်ငန်းများမှအပ အခြားအဆောက်အအုံစီမံကိန်းများကို ဆောင်ရွက်ရမည်။ အောက်ပါ လုပ်ငန်းများကိုမူ အကြီးတန်းဗိသုကာလိုင်စင်ရရှိသူ၏ ရရှိသူ၏ ကြီးကြပ်မှုဖြင့်သာ ဆောင်ရွက်ရမည်-

(က)　လူဦးရေ ၁၀၀၀ ထိ အများပြည်သူသုံး အဆောက်အအုံများ၊ မြန်မာနိုင်ငံအမျိုးသားအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း (Myanmar National Building Code-MNBC, Chapter 2) တွင် ခန်းမ (Assembly) ဟု သတ်မှတ်ဖော်ပြသော အဆောက်အအုံအမျိုးအစားများနှင့် ဗိသုကာကောင်စီက အခါအားလျော်စွာ သတ်မှတ်သော အဆောက်အအုံအမျိုးအစားများ။

(ခ)　အဓိကကျသော လမ်းဆုံလမ်းမများတွင် တည်ရှိသော အဆောက်အအုံစီမံကိန်း ဒီဇိုင်းပုံစံများ။

(ဂ)　ကြမ်းခင်းဧရိယာ ၁၀၀၀၀ စတုရန်းပေအထက် အဆောက်အအုံစီမံကိန်း ဒီဇိုင်းပုံစံများ။

(ဃ)　အထပ် ၁၂ ထပ်နှင့်အထက်ထိမြင့်သော အဆောက်အအုံစီမံကိန်း။

၈၉။　ဗိသုကာပညာရှင်သည် သက်ဆိုင်ရာ သတ်မှတ်ချက်များနှင့်ကိုက်ညီလျှင် အောက်ပါလုပ်ငန်းများကို သက်ဆိုင်ရာပညာရှင်များနည်းတူ လုပ်ကိုင်နိုင်သည် -

(က)　အခန်းတွင်း မွမ်းမံမှုဒီဇိုင်း (Interior Design)

(ခ)　မြေခင်းအလှ မွမ်းမံမှုဒီဇိုင်း (Landscape Design)

(ဂ)　ရှေးဟောင်း အဆောက်အအုံနှင့် မြေနေရာထိန်းသိမ်းမွမ်းမံမှု (Heritage Building & Sites Conservation)

(ဃ)　မြို့ပြ၊ ဒေသစီမံကိန်းနှင့် မြို့ပြဒီဇိုင်း (Urban, Regional Planning & Urban Design)

(င)　ဆောက်လုပ်ရေးလုပ်ငန်းစီမံခန့်ခွဲခြင်းလုပ်ငန်း (Construction Management)

(စ)　အိမ်ရာမြေဖွံ့ဖြိုးရေးစီမံကိန်း (Real Estate Development Planning)

## အခန်း (၁၂)

## အထွေထွေ

၉၀။　ကောင်စီဝင်များသည် ကောင်စီ၏အထိမ်းအမှတ်တံဆိပ်ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သုံးစွဲနိုင်သည်။

၉၁။　ကောင်စီသည် -

(က)　ကိုယ်ပိုင်ရုံးတံဆိပ်ကို သုံးစွဲခွင့်ရှိသည်။

(ခ)　ရုံးတံဆိပ်ကို ကောင်စီ၏တရားဝင်စာများမှအပ အခြားကိစ္စရပ်တွင် သုံးစွဲခြင်းမရှိစေရန် ထိန်းသိမ်းရမည်။

(ဂ)　ရုံးတံဆိပ်ကို မှတ်ပုံတင်အရာရှိချုပ်အား တာဝန်ပေးထိန်းသိမ်းရမည်။

ဝင်းခိုင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မန္တလေးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ
# (၂၀၁၆ ခုနှစ် ၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁ ။ )

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက် )

## နိဒါန်း

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ဆောင်ရွက်မည့် စီးပွားရေးမူဝါဒများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်သည် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မန္တလေးတိုင်းဒေသကြီးဒေသန္တရစီမံကိန်းဥပဒေ ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **တိုင်းဒေသကြီးအစိုးရ**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ တိုင်းဒေသကြီးအတိုင်းအတာအရ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက် ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက် ရမည်ဆိုသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များ ဖြစ်သည်။ စီမံကိန်းများ၌ တိုင်းဒေသကြီးဘက်စုံဖွံ့ဖြိုးတိုးတက်ရေး နှစ်နှစ်ဆယ် နှစ်ရှည်စီမံကိန်း၊ ကာလတို ငါးနှစ်စီမံကိန်းများနှင့် အဆိုပါစီမံကိန်းများကို နှစ်စဉ်အကောင်အထည်ဖော်မည့် နှစ်စဉ် စီမံကိန်းများပါဝင်သည်။

(ဃ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ သတ်မှတ်ကာလအတွင်း တိုင်းဒေသကြီး၏ စီးပွားရေး ကဏ္ဍအလိုက် မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု အကောင်အထည်ဖော်ရန် ရည်မှန်း လျာထားသည့် အချက်အလက်များဖြစ်သည်။

(င) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ်တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့်ခုနှစ် ကို ဆိုသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်စီမံကိန်းတွင် အခြေခံနှစ်သည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဖြစ်သည်။

(စ) **နှစ်ကုန်ခန့်မှန်းခြေ**ဆိုသည်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ် အကောင်အထည် ဖော်နိုင်မှုနှင့် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ် ခန့်မှန်းထားသည့် ခန့်မှန်းခြေဖြစ်သည်။

(ဆ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဇ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သောကုန်ပစ္စည်း နှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စျ) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ်အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများ ကို ဆိုသည်။

(ည) **ကဏ္ဍကြီး**ဆိုသည်မှာ စီးပွားရေးကဏ္ဍ (၁၄) ကဏ္ဍကို လုပ်ငန်းသဘောသဘာဝတူညီမှုအပေါ် အုပ်စုဖွဲ့၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတွင် လယ်ယာကဏ္ဍကြီး (လယ်ယာ၊ သားငါး၊ သစ်တော ကဏ္ဍများ)၊ စက်မှုကဏ္ဍကြီး (စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ)၊ ဝန်ဆောင်မှုကဏ္ဍကြီး (ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ) ဟူ၍ ခွဲခြားထားခြင်းကို ဆိုသည်။

(ဋ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ**ဆိုသည်မှာ ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သည့် သက်ဆိုင်ရာဇဟိုအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးအဆင့်ဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးကော်မတီများနှင့် မြို့တော်စည်ပင်သာယာရေး ကော်မတီကို ဆိုသည်။

## အခန်း (၂)
## စီမံကိန်းရည်မှန်းချက်များ

၃။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(က) တိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်စျေးနှုန်းအရ (၈.၇) ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ပုံမှန်စျေးနှုန်းများအရ-

(၁) လယ်ယာကဏ္ဍတွင် ၆.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၃.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၉.၄ ရာခိုင်နှုန်း လျော့နည်းရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၉.၈ ရာခိုင်နှုန်း လျော့နည်းရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍတွင် ၅၁.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၁.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၉.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၇.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၇.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၁.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၁၂.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၈.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၈.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၉.၃ ရာခိုင်နှုန်း တိုးတက်ရန်။

(ဂ) တိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်စျေးနှုန်းများအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၁.၅ ရာခိုင်နှုန်းမှ ၂၀.၅ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၃.၆ ရာခိုင်နှုန်းမှ ၃၅.၃ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၄.၉ ရာခိုင်နှုန်းမှ ၄၄.၂ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(ဃ) လူတစ်ဦးစီ၏ပျမ်းမျှထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (Per capital - GDP) ကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၁၂၀၈၈၆၇ မှ ကျပ် ၁၃၇၃၅၆၂ သို့ဖြစ်ပေါ်လာရန်။

## အခန်း (၃)

## အထွေထွေ

၄။ သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများသည် ပူးတွဲ (၁)၊ (၂)၊ (၃)နှင့် (၄) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန် ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၅။ သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေပြီး ပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ သို့ရာတွင် အကျိုးစီးပွား ဖြစ်ထွန်းမှုမရှိသော ပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှုဖြစ်စေမည့် စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်းနှင့် လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီးပွားရေးစီမံကိန်းများကို ဆောင်ရွက်ရာတွင် လက်ငင်း၊ ရေတိုအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းများကို ဦးစားပေးရမည်။ ထို့အပြင် ရေရှည်အကျိုးရှိသော စီမံကိန်းများကိုလည်း မျှတစွာ ထည့်သွင်းစီမံဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်းများ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများ ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ/မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ/မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု/မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ/မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများဖြစ်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရ စီမံကိန်း ရည်မှန်းလျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့်လုပ်ငန်း စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ရဲမြင့်
ဝန်ကြီးချုပ်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

ပူးတွဲ-၁

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအရ မန္တလေးတိုင်းဒေသကြီး၏ ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (ပုံမှန်ဈေးနှုန်းအရ)

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | **လယ်ယာကဏ္ဍကြီး** | **၁၃၄၆၂၇၇.၉** | **၂၁.၁** | **၃.၀** | **၁၄၂၄၈၀၀.၄** | **၂၀.၅** | **၅.၈** |
| | ၁ လယ်ယာ | ၁၀၉၈၀၆၆.၁ | ၁၇.၂ | ၂.၁ | ၁၁၆၉၀၄၅.၄ | ၁၆.၉ | ၆.၅ |
| | ၂ သားငါး | ၂၄၄၆၅၂.၉ | ၃.၈ | ၈.၀ | ၂၅၂၅၃၀.၆ | ၃.၆ | ၃.၂ |
| | ၃ သစ်တော | ၃၅၅၈.၉ | ၀.၁ | (-)၂၉.၅ | ၃၂၂၄.၄ | ၀.၀ | -၉.၄ |
| **၂** | **စက်မှုကဏ္ဍကြီး** | **၂၀၄၇၂၆၃.၂** | **၃၂.၂** | **၁၀.၀** | **၂၃၀၇၀၉၅** | **၃၃.၄** | **၁၂.၇** |
| | ၁ စွမ်းအင် | ၃၆၅.၄ | ၀.၀ | ၆၁.၀ | ၃၂၉.၇ | ၀.၀ | -၉.၈ |
| | ၂ သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၆၁၇၂၇.၅ | ၁.၀ | ၁၆.၅ | ၉၃၆၇၄.၃ | ၁.၄ | ၅၁.၈ |
| | ၃ စက်မှုလက်မှု | ၁၅၁၁၁၀၂.၄ | ၂၃.၇ | ၁၀.၇ | ၁၆၉၁၄၈၄.၄ | ၂၄.၄ | ၁၁.၉ |
| | ၄ လျှပ်စစ်ဓာတ်အား | ၉၆၂၇၃.၈ | ၁.၅ | ၁၄.၀ | ၁၁၄၅၈၈.၁ | ၁.၇ | ၁၉.၀ |
| | ၅ ဆောက်လုပ်မှု | ၃၇၇၇၉၄.၁ | ၆.၀ | ၅.၆ | ၄၀၇၀၁၈.၅ | ၅.၉ | ၇.၇ |
| **၃** | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၉၇၈၂၄၆.၃** | **၄၆.၇** | **၉.၈** | **၃၁၉၂၉၅၄.၀** | **၄၆.၁** | **၇.၂** |
| | ၁ ပို့ဆောင်ရေး | ၁၂၂၀၀၀၃.၂ | ၁၉.၁ | ၇.၅ | ၁၃၁၁၆၃၂.၇ | ၁၈.၉ | ၇.၅ |
| | ၂ ဆက်သွယ်ရေး | ၅၀၀၇၃၃.၅ | ၇.၉ | ၂၆.၄ | ၅၀၇၂၁၇.၃ | ၇.၃ | ၁.၃ |
| | ၃ ငွေရေးကြေးရေး | ၂၃၂၃၃.၁ | ၀.၄ | ၂၀.၆ | ၂၆၁၄၉.၁ | ၀.၄ | ၁၂.၆ |
| | ၄ လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၀၂၅၉၈.၄ | ၁.၆ | ၈.၄ | ၁၁၁၄၈၆.၆ | ၁.၆ | ၈.၇ |
| | ၅ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၁၂၈၃၅၁.၈ | ၂.၀ | ၄.၆ | ၁၃၉၇၁၄.၂ | ၂.၀ | ၈.၉ |
| | ၆ ကုန်သွယ်မှုတန်ဖိုး | ၁၀၀၃၃၂၆.၃ | ၁၅.၇ | ၆.၂ | ၁၀၉၆၇၅၄.၁ | ၁၅.၉ | ၉.၃ |
| **၄** | **စုစုပေါင်းထုတ်လုပ်မှု တန်ဖိုး(ဂျီဒီပီ)** | **၆၃၇၁၇၈၇.၄** | **၁၀၀.၀** | **၈.၄** | **၆၉၂၄၈၄၉.၄** | **၁၀၀.၀** | **၈.၇** |

ပူးတွဲ -၂

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအရ မန္တလေးတိုင်းဒေသကြီး၏ ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (ပုံမှန်ဈေးနှုန်းအရ)

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | **ထုတ်လုပ်မှုတန်ဖိုး** | **၃၃၉၃၅၄၁. ၁** | **၅၃. ၃** | **၇. ၁** | **၃၇၃၁၈၉၅. ၄** | **၅၃. ၉** | **၁၀. ၀** |
| | ၁ လယ်ယာ | ၁၀၉၈၀၆၆. ၁ | ၁၇. ၂ | ၂. ၁ | ၁၁၆၉၀၄၅. ၄ | ၁၆. ၉ | ၆. ၅ |
| | ၂ သားငါး | ၂၄၄၆၅၂. ၉ | ၃. ၉ | ၈. ၀ | ၂၅၂၅၃၀. ၆ | ၃. ၆ | ၃. ၂ |
| | ၃ သစ်တော | ၃၅၅၈. ၉ | ၀. ၁ | (-)၂၉. ၅ | ၃၂၂၄. ၄ | ၀. ၀ | -၉. ၄ |
